# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 5 May 2022 ၁၀၇၂၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**ပြည်ပနိုင်ငံများတွင်ရှိနေသည့် မြန်မာသံရုံး ၄၆ ရုံးက ကြည့်ရှုနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကြည့်ရှုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်နေ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC-2)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ရုပ်သံကုမ္ပဏီများနှင့် FM ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဧပြီ ၃၀ ရက်အထိ မြေပြင်တွင် အမှန်တကယ်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၉၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလွှမ်းခြုံမှု ရရှိ — စာမျက်နှာ » ၉

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေး ငယ်ပေါင်း ၁၃ သန်းနီးပါး ရှိလာ — စာမျက်နှာ » ၁၃

အသွင်သဏ္ဌာန်နှင့် အနှစ်သာရ စွမ်းရည် မြင့်မားလာသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ — ဆောင်းပါး စာမျက်နှာ » ၁၈

# နိုင်ငံသားဖြစ်သူတိုင်းသည် နိုင်ငံသားအခွင့်အရေးများရရှိ

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သူတစ်ဦးသည် နိုင်ငံသားအခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။ နိုင်ငံသားအခွင့်အရေးများရရှိနိုင်ရန်အတွက် နိုင်ငံသားအထောက်အထား တစ်ခုခုတော့ရှိဖို့လိုမည်ဖြစ်သည်။ မွေးဖွားသည်မှ သေဆုံးသည့်အချိန်အထိ နိုင်ငံသားဆိုင်ရာ အထောက်အထားတစ်မျိုးမျိုးရှိရမည်ဖြစ်သည်။ ထိုအထောက်အထား အသိအမှတ်ပြုလက်မှတ်များကို သက်ဆိုင်ရာဌာနက အစဉ်အမြဲပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါ မိဘပြည်သူများ ခရီးသွားလာသည့်အခါ နိုင်ငံသားအထောက်အထား စိစစ်မှုနှင့်ပတ်သက်၍ ထင်ကြေးအမျိုးမျိုး ပေါ်ထွက်နေပေသည်။ အမှန်တကယ်တွင် ခရီးသွားလာတိုင်းတွင် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားအား အသုံးပြုရခြင်းကို ယခင်ကတည်းက ရှိထားပြီးဖြစ်သည်။ ယခုအခါလိုအပ်ချက်အရ ပြည်သူများ အနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်) အား ဧပြီလ ၁ ရက်နေ့မှ စတင်စစ်ဆေးဆောင်ရွက်နေသည်ကို တွေ့ရသည်။

ယခင်က နိုင်ငံသားကတ်(မှတ်ပုံတင်)မပါလျှင် ထောက်ခံစာပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများကို ပြုလုပ်ခွင့်ရှိသော်လည်း ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား နေ့စဉ်ရက်ဆက် ဒေသမရွေး ဆောင်ရွက်ပေးနေသောကြောင့် ထောက်ခံစာများကို ခွင့်မပြုတော့ခြင်းဖြစ်သည်။ အသက်(၁၆) နှစ်အထက် မြန်မာနိုင်ငံသား အကျုံးဝင်သူတိုင်းအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် "ပန်းခင်းစီမံချက်"ဖြင့် ရုံးတွင်းဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သောနေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို မေလ ၃ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ထို့ကြောင့် အသက် (၁၆)နှစ် ပြည့်ပြီးသည့် မြန်မာနိုင်ငံတွင် မွေးဖွားသူများအနေဖြင့် နိုင်ငံသားအထောက်အထားတစ်ခုခုကိုရရှိအောင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ နိုင်ငံသားများနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆောင်ရွက်ပေးလျက်ရှိရာတွင် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ နည်းဥပဒေ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ စသည့်ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ မြို့ဝင်/မြို့ထွက် ဂိတ်များ၊ အဝေးပြေးလမ်းမများတွင် ခရီးသွားလာသူများအား မှတ်ပုံတင်ရှိ/မရှိ စစ်ဆေးနေခြင်းသည် ခရီးသည်တွင် မှတ်ပုံတင်မရှိပါက ပြုလုပ်ပေးနိုင်ရန်ဖြစ်သည်။

အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်မရှိခြင်းနှင့်ပတ်သက်၍ လူတစ်ဦးသည် လက်ရှိနေထိုင်သည့်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းရှိပြီး မှတ်ပုံတင်မရှိခြင်းတစ်မျိုး၊ လက်ရှိနေထိုင်သည့်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းလည်းမရှိ မှတ်ပုံတင်လည်းမရှိခြင်းတစ်မျိုး၊ အခြားဒေသများမှ ပြောင်းရွှေ့လာပြီး ယခင်နေခဲ့သည့်ဒေသတွင် အိမ်ထောင်စုစာရင်းရှိပြီး မှတ်ပုံတင်မရှိခြင်းတစ်မျိုး၊ အခြားဒေသမှ ပြောင်းရွှေ့လာပြီး ယခင်နေထိုင်ခဲ့သောဒေသတွင် အိမ်ထောင်စုစာရင်းမရှိ၊ လက်ရှိနေထိုင်သည့်ဒေသတွင်လည်း အိမ်ထောင်စုစာရင်းမရှိ၊ မှတ်ပုံတင်လည်းမရှိခြင်းတစ်မျိုး စသည့် တစ်မျိုးမျိုးစီ လိုအပ်ချက်များရှိကြသည်။ ထို့ကြောင့် ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်မရှိသူများ၊ အိမ်ထောင်စုစာရင်းမရှိသူများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိသည်။

အထောက်အထားလိုအပ်ချက်များနှင့်ပတ်သက်၍ အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ သည် ယခင်နေထိုင်သည့်ဒေသတွင် အိမ်ထောင်စုစာရင်းရှိပါက လက်ရှိနေထိုင်သည့်ဒေသသို့ ပြောင်းရွှေ့ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေထိုင်သူများသည် နိုင်ငံသားလက်မှတ် ကိုင်ဆောင်သင့်သူ၊ နိုင်ငံသားပြုခွင့်လက်မှတ် ကိုင်ဆောင်သင့်သူ၊ ဧည့်နိုင်ငံသားလက်မှတ် ကိုင်ဆောင်သင့်သူ၊ FRC လက်မှတ် ကိုင်ဆောင်သင့်သူ အမျိုးမျိုးရှိပြီး သင့်တော်သည့် လက်မှတ်တစ်မျိုးမျိုးကို ရယူကိုင်ဆောင်ထားရမည်ဖြစ်သည်။ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ကိုင်ဆောင်ထားသူများအနေဖြင့် ယခင်ဒေသတွင် နေထိုင်ခြင်းရှိ/မရှိကို သက်ဆိုင်ရာမြို့နယ်ရုံးအချင်းချင်း ဆက်သွယ်မေးမြန်းပြီး ရပ်/ကျေးထောက်ခံချက်များဖြင့် M အမှတ်အသားပါ အိမ်ထောင်စုစာရင်းများ ထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံသားတိုင်းသည် နိုင်ငံသားအခွင့်အရေးများရှိကြသည်။ နိုင်ငံသားအခွင့်အရေးရရှိရန်အတွက် နိုင်ငံသားအထောက်အထားများ ရရှိထားရမည်ဖြစ်သည်။ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ ယခုအခါ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်များကို နိုဝင်ဘာလ ၃ ရက်နေ့အထိ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးနေပြီဖြစ်ရာ နိုင်ငံသားတိုင်း နိုင်ငံသားအထောက်အထားရရှိရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်မေးမြန်းလုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို ယနေ့ (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၂၅၅၁ ပါးအနက် ၉၅၃၅ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၉၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မစ္စတာ အူလာဇမီယာ ဘာရာဗီကူအား မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၅**

ဟန္နိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဗလာဒီမာဂိုရှင်း၏ နေရာတွင် မစ္စတာ အူလာဇမီယာ ဘာရာဗီကူအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အူလာဇမီယာ ဘာရာဗီကူကို ၁၉၇၅ ခုနှစ် မတ် ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် ဘယ်လာရုစ်အစိုးရတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသိပ္ပံမှ စီမံခန့်ခွဲမှုနှင့် ဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၂၂ ခုနှစ် မတ်လအထိ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ပိုလန်နိုင်ငံရှိ ဘယ်လာရုစ်သံရုံးများတွင် သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်၊ ပိုလန်နှင့် ပြင်သစ် ဘာသာစကားတို့ကို တတ်ကျွမ်းသည်။ ၎င်းသည် ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦး ထွန်းကားသည်။

**သတင်းစဉ်**

## ရွှေကူမြို့နယ် ရွှေအင်းတော်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက ငါးများထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**ရွှေကူ မေ ၄**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရေလဲကျေးရွာရှိ ရွှေအင်းတော်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အင်းတော်ကြီးလဟာကြီးအင်းတွင် ငါးမျိုးစိတ်ပေါင်း ၂၀ ကျော် စိုက်ထည့်၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာ ငါးထုတ်လုပ်မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်အတွင်း ငါးပိဿာချိန် ၂၀၀၀၀ (တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ဝင်ငွေများ ရရှိခဲ့သည်။

**ရောင်းချပေးလျက်ရှိ**

ယခုအခါ ၎င်းအင်းအတွင်း ငါးကြင်းနှင့် ငါးခေါင်းပွ ငါးသားပေါက်များ မွေးမြူထားရှိပြီး ထွက်ရှိလာသည့် ငါးများကို အများပြည်သူများ ချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်အတွက် စံပြငါးဈေးတွင် ရောင်းချပေးသည့်အပြင် မိမိအစီအစဉ်ဖြင့်လည်း အရပ်ဒေသအသီးသီးသို့ ပို့ဆောင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၃၅၇ | ၂,၇၅၄,၈၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၀၀ | ၂,၆၉၉ | ၇,၀၁၇,၄၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၄ | ၃၁,၆၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၃၈၄ | ၆,၉၁၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၃၆၅ | ၉၄၉,၀၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၂,၀၁၀ | ၉,၈၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၄**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၄၈.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၉.၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၉၀၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၉၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၂၂၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၆.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၈.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့"တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက MRTV Mobile Application မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

**ကြိုးပမ်းလုပ်ဆောင်နေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်ကိုချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်နေကြောင်း။

ထို့အပြင် ယခုနှစ်သည် စိန်ရတုလွတ်လပ်ရေးနေ့၏ အကြိုနှစ်ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ပြီး (၇၅)နှစ်ကာလကြာပြီဖြစ်သည့် လွတ်လပ်ရေး၏ အနှစ်သာရ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေး၏ အနှစ်သာရများ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာများကို တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများ အပြည့်အဝမခံစားရသေးခြင်းကြောင့် အပြည့်အဝရရှိခံစားနိုင်စေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေသည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

**နိုင်ငံတော်နှင့်ပြည်သူ့အကျိုး ဦးထိပ်ထား**

မီဒီယာကဏ္ဍအနေဖြင့်လည်း ပြည်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေး လမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာ ရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ်လူငယ်များ ဖြစ်စေရေး ပံ့ပိုးပေးရန်၊ စေ့ဆော်တိုက်တွန်းပေးရန် လိုအပ်သလို ကျင့်ဝတ်သိက္ခာ စောင့်ထိန်းပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဦးထိပ်ထားကာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးရန် လိုအပ်သည်ကိုလည်း ပြောကြားထားပြီးဖြစ်ကြောင်း။

သတင်းအချက်အလက် နည်းပညာ တိုးတက်နေသည့် ယခုလိုအချိန်တွင် သတင်းမီဒီယာများ၏ သက်ရောက်မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏ မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့် အစီအမံများ ပါဝင်နေသည့်အတွက် မိမိတို့အားလုံး ဉာဏ်အမြော်အမြင်များ၊ အသိတရားများဖြင့် လုပ်ဆောင်ကြရမည့် အချိန်အခါပင်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိမဖြစ်ရှိနေရမည် ဖြစ်ပါကြောင်း၊ ထိုသို့ရှိရန်အတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဟု ယူဆမိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်စဉ်။

သို့သော် တစ်ခါတစ်ရံတွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးသည့် အုပ်စုများက မီဒီယာများကို လွှမ်းမိုးခြယ်လှယ်ကြသည့်အခါ ပြည်သူလူထု၏ သဘောထားခံစားချက်များ၊ နစ်နာချက်များသည် ဖော်ထုတ်နိုင်မှု လုံးဝမရှိတော့ဘဲ လျစ်လျူရှုခံရသည့် အခြေအနေကို ရောက်မှန်းမသိ ရောက်ခဲ့ရပါကြောင်း၊ အဆိုးဆုံးမှာ ပဋိပက္ခများ၊ သဘောထားကွဲပြားမှုများကို ပြေလျော့သွားအောင် လုပ်ရမည့်အစား မီးလောင်ရာ လေပင့်တိုက်သကဲ့သို့ ပိုမိုအားကောင်းလာအောင် လုပ်ပေးနေကြပါကြောင်း၊ ထိုသို့အခြေအနေမျိုးကို ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများအပြား တွေ့မြင်နေကြရပါကြောင်း။

ယနေ့အခြေအနေသည် မိမိတို့၏ လူ့အဖွဲ့အစည်းအားလုံးကို မီဒီယာက နည်းမျိုးစုံဖြင့် လွှမ်းမိုးထားချိန်ဖြစ်သည့်အတွက် မိမိတို့၏ မီဒီယာလုပ်ငန်းအားလုံးကို စွမ်းအားပြည့်အောင်၊ စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့်လည်း ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်ရေဒီယို(Rangoon Radio) အမည်မှ ဗမာ့အသံ(Burma Broadcasting Service–BBS) အမည်ပြောင်းလဲသတ်မှတ်ခဲ့သည့် "ဗမာ့အသံနေ့"ကို မူတည်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanma Radio and Television–MRTV)အမည်သို့ ပြောင်းလဲလာခဲ့မှုနှင့်အတူ ခေတ်အဆက်ဆက်တွင် သတင်းအချက်အလက် ပြန်ကြားပေးခြင်း၊ အသိပညာမျှဝေပေးခြင်း၊ ဖျော်ဖြေပေးခြင်းဆိုသည့် ရည်မှန်းချက်သုံးရပ်ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

**မီဒီယာဖြင့် အကျိုးပြု**

ယနေ့အချိန်အခါမှာလည်း ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ သတင်းနှင့်အစီအစဉ်များအရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် ပြည်သူလူထုကို မီဒီယာဖြင့်အကျိုးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နှုပျိုသစ်လွင်ပြီး လန်းဆန်းတက်ကြွသည့် တင်ဆက်မှုပုံစံကိုလည်း ပြောင်းလဲဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်မှစတင်ပြီး မိုဘိုင်းဖုန်းများ အသုံးပြုမှု များပြားလာသည်နှင့်အတူ အင်တာနက်အသုံးပြုပြီး သတင်းရယူမှုပုံစံလည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် Social Media Platform များအသုံးပြုပြီး သတင်းမီဒီယာဖြန့်ချိခြင်းသည်လည်း လွန်စွာအရေးပါလာသည်ကို တွေ့မြင်ကြမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **သတင်းအချက်အလက်နည်းပညာ တိုးတက်နေသည့် ယခုလိုအချိန်တွင် သတင်းမီဒီယာများ၏ သက်ရောက်မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏ မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့်အစီအမံများ ပါဝင်နေသည့်အတွက် မိမိတို့အားလုံး ဉာဏ်အမြော်အမြင်များ၊ အသိတရားများဖြင့် လုပ်ဆောင်ကြရမည့် အချိန်အခါပင်ဖြစ်**

❖ **ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု၊ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိမဖြစ်ရှိနေရမည်**

❖ **ထိုသို့ရှိရန်အတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီး**

# မီဒီယာများအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြည်သူလူထုကို သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးကြခြင်းဖြင့် ပြည်သူ့အကျိုးပြုမီဒီယာများဖြစ်အောင် ရပ်တည်ဆောင်ရွက်

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် MRTV အနေဖြင့် ၂၀၁၃ ခုနှစ်ကစပြီး MRTV Application ကို အသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် Android Application အဖြစ်သာ ယာယီအသုံးပြုနိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းကို ထုတ်လွှင့်နိုင်ခြင်းမရှိခဲ့သည်ကို သိရှိရပါကြောင်း၊ အခုအခါတွင် HD ရုပ်သံလိုင်းများနည်းတူ ဆက်သွယ်ရေးနည်းပညာများ အသုံးပြုပြီး MRTV Media Application ကို ဆောင်ရွက်ထားခြင်း ဖြစ်သည့်အတွက် Android နှင့် iOS ဖုန်းများပေါ်တွင် ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် Laptop, Desktop, iPad, Note Pad အားလုံးတွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ Website တွင်လည်း MRTV ၏အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း။

**စီစဉ်ဆောင်ရွက်နေ**

MRTV Appကိုကမ္ဘာပတ်လမ်းကြောင်းပေါ်တွင်ရှိသည့် Mobile ဝန်ဆောင်မှုပေးနေသောနိုင်ငံတကာဂြိုဟ်တုလေးလုံးကို ငှားရမ်းအသုံးပြုပြီး ထုတ်လွှင့်ပေးခြင်းဖြစ်သည့်အတွက် ပြည်ပနိုင်ငံများတွင်ရှိနေသည့် မြန်မာသံရုံး ၄၆ ရုံးက ကြည့်ရှုနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကြည့်ရှုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်နေသည်ဟု သိရပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာဘာသာနှင့်သာမကဘဲ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ဂျာမနီစသည့် နိုင်ငံတကာဘာသာစကားငါးမျိုးဖြင့် ထုတ်လွှင့်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို တိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာကိုလည်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိပျံ့နှံ့သွားမည် ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် MRTV အနေဖြင့် ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် ပညာရပ်များနှင့်အညီ ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်သောကြောင့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့်လည်း နိုင်ငံတော်အစိုးရ တာဝန်အရပ်ရပ်ကို ဆောင်ရွက်နေချိန် ကာလအတွင်း၌ ထူးခြားတိုးတက်ကောင်းမွန်ပြီး သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web အသုံးပြုမှုကို ကြည့်ရှုစဉ်။

မီဒီယာများအနေဖြင့်လည်း ကျင့်ဝတ်သိက္ခာနှင့်အညီ ပြည်သူလူထုကို သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးကြခြင်းဖြင့် ပြည်သူ့အကျိုးပြုမီဒီယာများဖြစ်အောင် ရပ်တည်ဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းလိုပါကြောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအနေဖြင့်လည်း မြန်မာနှစ်ဆန်း အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ အကျိုးကို လက်တွဲဆောင်ရွက်ခြင်းဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV App & Web ဆောင်ရွက်မှုအပါအဝင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ MRTV Media Application ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

**အသုံးပြုမှုကို ကြည့်ရှု**

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web အသုံးပြုမှုကို ကြည့်ရှုကြသည်။

MRTV Media Application မှ တစ်ဆင့် Breaking News၊ BusinessNews၊ Community News၊ Daily News စသည့် သတင်းကဏ္ဍများအပြင် Documentary၊ Education၊ Entertainment၊ Farming၊ Myanmar Culture၊ Sports စသည့် ရုပ်သံမှတ်တမ်းနှင့် ဖျော်ဖြေရေးအစီအစဉ်များပါဝင်သည့် Sector ၁၁ ခုဖြင့် ဖွဲ့စည်းထားသည့်အပြင် MRTV HD Channel ကိုလည်း Live Stream ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ MRTV App ကို လက်ကိုင်ဖုန်းများအပြင် Laptop၊ Desktop၊ iPad၊ Note Pad များတွင် ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ www.mrtvmedia.com တွင်လည်း MRTV ၏ အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း MRTV App & Web ဆောင်ရွက်မှုအပါအဝင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

- ❖ **အခုအခါတွင်** HD **ရုပ်သံလိုင်းများနည်းတူ ဆက်သွယ်ရေးနည်းပညာများ အသုံးပြုပြီး** MRTV Media Application **ကို ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက်** Android **နှင့်** iOS **ဖုန်းများပေါ်တွင် ကြည့်ရှုနိုင်မည်**
- ❖ **ထို့အပြင်** Laptop, Desktop, iPad, Note Pad **အားလုံးတွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့** Website **တွင်လည်း** MRTV **၏ အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်**
- ❖ **မြန်မာဘာသာနှင့်သာမကဘဲ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ဂျာမနီစသည့် နိုင်ငံတကာဘာသာစကားငါးမျိုးဖြင့် ထုတ်လွှင့်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို တိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာကိုလည်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိပျံ့နှံ့သွားမည်**




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ သီဆိုကပြဖျော်ဖြေကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မွန်ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# မွန်ပြည်နယ်၏ အဓိကထွက်ကုန်မှာ ရော်ဘာဖြစ်ပြီး ကုန်ကြမ်းအဖြစ် ရောင်းချမှုအစား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်

## ဒေသမှထွက်ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် လုံလောက်သော ဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမတွင် တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် မွန်ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများက တစ်ဦးချင်း အလိုက် မိတ်ဆက်ကြသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဒေသဆိုင်ရာအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သောအခြေအနေများသိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်နယ်တစ်ခု၏ တိုးတက်မှုကို ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့မှရရှိသောတန်ဖိုး၊ တစ်နည်းအားဖြင့် GDP ကိုကြည့်၍ ယေဘုယျသုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်လိုငွေ ဖြစ်ပေါ်မှုရှိ၍ ပြည်ထောင်စု ဖြည့်စွက်ငွေမှ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ပြီး ပြည်နယ်အတွင်း ကဏ္ဍစုံမှ ဝင်ငွေတိုးတက်၍ ပြည်ထောင်စုမှ ထောက်ပံ့မှုကိုလျှော့ချနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ပြည်သူလူထု အခြေပြုစီးပွားရေး ကဏ္ဍတိုးတက်လာရေး ပညာပေးစည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ ဌာနဆိုင်ရာဝန်ထမ်းအားလုံးနှင့် ပြည်သူလူထု အလွှာပေါင်းစုံမှ ပူးပေါင်းပါဝင်၍ အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း မြေအသုံးချမှုအနေဖြင့် စိုက်ပျိုးမြေ ဧက ၁ ဒသမ ၅ သန်းကျော်တွင် ဧက ခုနစ်သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး သီးထပ်စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်းအပြင် လစ်လပ်မြေနေရာများတွင်လည်း စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ ပြည်နယ်အတွက် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်၏ အဓိကထွက်ကုန်မှာ ရော်ဘာဖြစ်ပြီး ကုန်ကြမ်းအဖြစ် ရောင်းချမှုအစား တန်ဖိုးမြှင့်ထုတ်ကုန် ( Value added) အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသမှထွက်ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် လုံလောက်သော ဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးရန်လည်း အရေးကြီးကြောင်း။

**စီမံပေးရန်လို**

မွန်ပြည်နယ်အတွက် အလားအလာရှိသော စီးပွားရေးအဖြစ် ခရီးသွားလုပ်ငန်းသည်လည်း ပါဝင်မည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးဘုရား၊ ကျိုက္ခမီ ရေလယ်ဘုရား၊ စက်စဲအပန်းဖြေကမ်းခြေ၊ သံဖြူဇရပ်မှ သေမင်းတမန် မီးရထားလမ်း၊ စစ်သင်္ချိုင်း၊ ရှေးဟောင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအပြင် ရှေးဟောင်းမြို့တော်များ စသည်တို့သည် ပြည်တွင်း ပြည်ပခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုကောင်းသည့် နေရာများဖြစ်ကြောင်း၊ မီးခိုးမထွက်သော စက်ရုံများအဖြစ်တင်စားပြီး ဝင်ငွေကောင်းသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍ ယခုကတည်းကပင် အနာဂတ်အတွက် မျှော်မှန်း၍ စနစ်တကျပြင်ဆင် စီမံပေးရန်လိုကြောင်း၊ တစ်ဖက်က ဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း မကုန်သင့်သည်ကို မကုန်ရအောင် စက်သုံးဆီနှင့် စားသုံးဆီတို့ကို ချွေတာစိစစ်သုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေယိုပေါက်များကို ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

**အခွင့်အလမ်းများရှိ**

ထို့အပြင် ကမ္ဘာတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် စက်သုံးဆီဈေးကွက် တည်ငြိမ်မှုမရှိဘဲ ရေနံထုတ်လုပ်သည့် နိုင်ငံများ၏ ဈေးကစားနေမှုကြောင့်လည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို နိုင်ငံအားလုံးခံစားနေရကြောင်း၊ အလားတူ စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးသည့် နိုင်ငံအချို့၏ ဈေးမတည်ငြိမ်မှုကြောင့်လည်း စားသုံးဆီမှာလည်း ဈေးနှုန်းမြင့်တက်လာကြောင်း၊ စက်သုံးဆီမှာ သဘာဝအရဖြစ်တည်သော သယံဇာတ အခွင့်အလမ်းဖြစ်၍ ထုတ်လုပ်မှုမှာ ကန့်သတ်ချက်ရှိသော်လည်း စားသုံးဆီနှင့်ပတ်သက်၍ နိုင်ငံအတွင်း၊ ပြည်နယ်အတွင်း တိုးမြှင့်ထုတ်လုပ်နိုင်သော အခွင့်အလမ်းများရှိကြောင်း၊ သို့ဖြစ်၍ စက်သုံးဆီ၊ စားသုံးဆီနှင့်ပတ်သက်၍ ခြိုးခြံသုံးစွဲရန်နှင့် စားသုံးဆီ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီ စိုက်ပျိုးထုတ်လုပ်နိုင်မှုကိုလည်း ဒေသအတွင်း စိုက်ပျိုးထုတ်လုပ်နိုင်သည့် နေရာများ၌ စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးမှုလုပ်ငန်းများ ဆောင်ရွက်မှုတွင် မွန်ပြည်နယ်အနေဖြင့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုအနည်းဆုံးဖြင့် တတိယလှိုင်းကို ဖြတ်ကျော်နိုင်ခဲ့သည့် အောင်မြင်သော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းဖြစ်ကြောင်း၊ ကောင်းမွန်သော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန်လိုကြောင်း မှာကြားသည်။

**စာမျက်နှာ ၆ သို့ ❒**

> ☆ **မွန်ပြည်နယ်အတွင်း မြေအသုံးချမှုအနေဖြင့် စိုက်ပျိုးမြေ ဧက ၁ ဒသမ ၅ သန်းကျော်တွင် ဧကခုနစ်သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး သီးထပ်စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်းအပြင် လစ်လပ်မြေနေရာများတွင်လည်း စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ ပြည်နယ်အတွက် ဝင်ငွေတိုးတက်ရရှိလာမည်**
>
> ☆ **မွန်ပြည်နယ်အတွက် အလားအလာရှိသော စီးပွားရေးအဖြစ် ခရီးသွားလုပ်ငန်းသည်လည်း ပါဝင်မည်**
>
> ☆ **မီးခိုးမထွက်သော စက်ရုံများအဖြစ်တင်စားပြီး ဝင်ငွေကောင်းသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍ ယခုကတည်းကပင် အနာဂတ်အတွက် မျှော်မှန်း၍ စနစ်တကျ ပြင်ဆင်စီမံပေးရန်လို**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်မြို့ရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်၏ HR ဖွံ့ဖြိုးမှု၊ ပညာတတ်မြောက်မှုကို မလိုလားသည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမပြုနိုင်ရန် လုံခြုံရေးအသိဖြင့် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများအပြင် အစိုးရနှင့် လုံခြုံရေးအဖွဲ့များ အားလုံးပူးပေါင်းတားဆီးကာကွယ်

❒ စာမျက်နှာ ၅ မှ

ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာနှင့် ပတ်သက်ပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအတွက် တိုင်းပြည်ငြိမ်းချမ်းရန်လိုအပ်သဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကာ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေကြောင်း၊ တစ်ဖက်မှလည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မှန်မှန်ကန်ကန် ကျင်းပနိုင်ရေး၊ မဲပေးခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိ၍ စာရင်းဇယားများ ကိုက်ညီမှန်ကန်စေရေး ဆောင်ရွက်လျက်ရှိရာ ပူးပေါင်းပါဝင်ရန်လိုကြောင်း။

မိမိတို့အားလုံးသည် နိုင်ငံ့ဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသာဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသာ လုပ်ဆောင်ကြရန်လိုကြောင်း၊ ဝန်ထမ်းအားလုံးသည် ပြည်သူများ၏ ထည့်ဝင်သည့် အခွန်အခများမှ လစာမှစ၍ ခွင့်ပြုထားသည့် အသုံးအဆောင်များအထိ ရယူခံစားနေရသဖြင့် ပြည်သူများသည် ဝန်ထမ်းအားလုံး၏ ထမင်းရှင်များဟုပင် ပြောနိုင်ကြောင်း၊ သို့ဖြစ်၍ အရေးပေါ်ကိစ္စပေါ်ပေါက်၍ ဝန်ကြီးဌာနများသို့ ဆက်သွယ်လာပါက လိုအပ်ချက်များကို အကျိုးမျှော်ကိုးမှုမရှိဘဲ စေတနာ တရားရှေ့ထားကာ ကူညီဖြေရှင်းပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းဖြင့် ကျေးဇူးဆပ်ရန်လိုကြောင်း၊ အချိန်တိုအတွင်း အမြန်ဖြေရှင်းကူညီပေးရန်လိုကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးလိုက်ပါ၍ ထားဝယ်မြို့ရှိ အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဒေသဆိုင်ရာအခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးရည်မှန်းချက်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို ချမှတ်ကာ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့၏ ဦးဆောင်မှုဖြင့် သစ္စာရှိဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အသိအမှတ်ပြုပါကြောင်း၊ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

ဆက်လက်ပြီး ပညာရေးနှင့်ပတ်သက်၍ မကြာမီ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ဆရာ ဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူများ အေးချမ်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေး လုံခြုံရေးအတွက် ကြိုတင်စီမံထားရန်လိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စာသင်အရွယ်ကလေးငယ်အားလုံး စာသင်ကြားရန်နှင့် အခြေခံအဖြစ် KG+9 ကို တတ်မြောက်ရန် တိုင်းဒေသကြီးအစိုးရက အားပေးကူညီရန်လိုကြောင်း၊ နိုင်ငံတော်၏ HR ဖွံ့ဖြိုးမှု၊ ပညာတတ်မြောက်မှုကို မလိုလားသည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမပြုနိုင်ရန်လည်း လုံခြုံရေးအသိဖြင့် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများအပြင် အစိုးရနှင့် လုံခြုံရေးအဖွဲ့များ အားလုံးပူးပေါင်းတားဆီးကာကွယ်သွားရန်လိုကြောင်း။

**အလျှင်အမြန်ကြံဆ**

တနင်္သာရီတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးရေးသီးနှံမှာ ဆီအုန်းဖြစ်၍ ရရှိသောဆီကြမ်းကို ဒေသတွင်း၌ပင် ဆီချောအဖြစ် ပြောင်းလဲနိုင်ပါက ဒေသဆီဖူလုံမှုရရှိပြီး ဝင်ငွေလည်း တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီချောထုတ်လုပ်ရန်လိုအပ်သော အခြေခံအဆောက်အအုံများရရှိနိုင်ရေး အလျှင်အမြန်ကြံဆဆောင်ရွက်သွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ရသုံးမှန်းခြေငွေစာရင်းတွင် လိုငွေဖြစ်ပေါ်မှုရှိ၍ ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေမှ ထောက်ပံ့ဖြည့်ဆည်းပေးနေရသဖြင့် ဒေသတွင်းရှိ အားသာသော အရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်းဖြင့် တိုင်းဒေသကြီး၏ ဝင်ငွေတိုးမြင့်လာမည်ဖြစ်ကြောင်း၊ ဝင်ငွေတိုးတက်ရရှိခြင်းဖြင့် တိုင်းဒေသကြီးအတွက် တစ်မျိုးသားလုံးကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ ပိုမိုတိုးမြင့်လာမည်ဖြစ်ကာ တစ်ဦးချင်း ဝင်ငွေတိုးလာရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်၍ ဒေသတွင်းမှ ပြည်သူများ မလိုအပ်ဘဲ နယ်ကျော်လုပ်အားရှာဖွေခြင်းမှလည်း ကင်းဝေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စု ဖြည့်စွက်ငွေအား အခြားလိုအပ်သော ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှားပါးရေသယံဇာတများ၊ သန္တာကျောက်တန်းနှင့် သဘာဝအလှများစွာရှိကြောင်း၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဝင်ငွေကောင်းသော အလုပ်အကိုင်ဖြင့် ဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ဒေသအကျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအကျိုးမှ နိုင်ငံ့အကျိုးအတွက် တိုးတက်ရာ တိုးတက်ကြောင်းကို ရည်မျှော် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **မကြာမီ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ဆရာ ဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူများ အေးချမ်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေး လုံခြုံရေးအတွက် ကြိုတင်စီမံထားရန်လို၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စာသင်အရွယ်ကလေးငယ်အားလုံး စာသင်ကြားရန်နှင့် အခြေခံအဖြစ် KG+9 ကို တတ်မြောက်ရန် တိုင်းဒေသကြီးအစိုးရက အားပေးကူညီရန်လို**

☆ **တနင်္သာရီတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးရေးသီးနှံမှာ ဆီအုန်းဖြစ်၍ ရရှိသော ဆီကြမ်းကို ဒေသတွင်း၌ပင် ဆီချောအဖြစ် ပြောင်းလဲနိုင်ပါက ဒေသဆီဖူလုံမှုရရှိပြီး ဝင်ငွေလည်း တိုးတက်ရရှိနိုင်မည်ဖြစ်၊ ဆီချောထုတ်လုပ်ရန် လိုအပ်သော အခြေခံအဆောက်အအုံများရရှိနိုင်ရေး အလျှင်အမြန်ကြံဆဆောင်ရွက်**

☆ **ဒေသအကျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအကျိုးမှ နိုင်ငံ့အကျိုးအတွက် တိုးတက်ရာ တိုးတက်ကြောင်းကို ရည်မျှော်ကြိုးပမ်းဆောင်ရွက်**

✰ ကျောဖုံးမှ

တပ်နယ်ခန်းမအသီးသီးတွင် သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် အဆင့်အတန်းအားလုံးသည် တည်မြဲအမိန့်အသီးသီးတွင် ကိုယ်စီတာဝန်ဝတ္တရားများ သတ်မှတ်ပေးထားပြီးဖြစ်၍ တစ်ဦးချင်းအလိုက် သိရှိနားလည်ရန် လိုအပ်ကြောင်း၊ အသိမှန်မှသာ အလုပ်မှန်၍ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်ကို သိရှိပါက လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အသားကျသော လေ့ကျင့်မှုလိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုပြည့်ဝမှသာလျှင် ဖွဲ့စည်းတပ်ဆင်ပေးထားသော ခေတ်မီစစ်လက်နက်ပစ္စည်းကိရိယာနှင့် ယန္တရားများကို ပိုင်နိုင်စွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသော လက်ရုံးဝန်ထမ်းများအနေဖြင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို ပြောင်းလဲတိုးတက်လာသည့် စစ်မှုသိပ္ပံနည်းပညာများနှင့်အညီ တတ်ကျွမ်းနေရန် မပြတ်လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း။

### စနစ်တကျဆောင်ရွက်

လေ့ကျင့်သင်ကြားမှုတိုင်းတွင် သင်ကြားပေးသည့် နည်းပြအရာရှိ၊ စစ်သည်များအနေဖြင့် သင်ယူသူတို့၏ ယုံကြည်ကိုးစားထိုက်သော အရည်အချင်းပြည့်ဝရန်နှင့် လေးစားအားကျလောက်သည့် အပြုအမူ အပြောအဆို ဟန်ပန်အမူအရာမှစ၍ သတိပြုတည်ဆောက်နေရန်လိုကြောင်း၊ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုရနိုင်ရန် အုပ်ချုပ်ရေးကို စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်၏ အုပ်ချုပ်ရေးကို စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ပင်နယန်ကြီး သုံးရပ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းတာဝန်အားလုံးအတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်များ၏ စားရေး၊ နေရေး၊ ဝတ်ရေးမှစ၍ ကျန်းမာရေးအထိ ထောက်ပံ့ဖြည့်ဆည်းမှုများအပြင် မိသားစုများ၏ အရေးအရာများကိုလည်း အုပ်ချုပ်ရေးဆိုင်ရာ သတ်မှတ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တပ်မတော်၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများကို သိရှိပြီး လိုက်နာဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးစီမံအုပ်ချုပ်သွားရန်လိုကြောင်း၊ ထိုသို့ အုပ်ချုပ်ရာတွင်လည်း တပ်မှူးများအနေဖြင့် မိဘသဖွယ်စိတ်ဓာတ်နှင့် စစ်ခေါင်းဆောင်စိတ်ဓာတ်ကို နေရာမှန်အောင် ဆက်ဆံ၍ ဦးဆောင်သွားရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းထမ်းဆောင်နေသည့်ကာလ တစ်နှစ်နှင့် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပ သွေးထိုးလှုံ့ဆော်မှုများ၊ အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ငန်းများအပြင် ဘာသာ သာသနာကို ဖျက်ဆီးစော်ကားသည်အထိ လုပ်ဆောင်၍ နိုင်ငံကို အလုံးစုံပျက်စီးအောင်ကြိုးပမ်းမှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်လက်တွဲ၍ ပူးပေါင်းကျော်လွှားနိုင်ခဲ့ကြောင်း၊ အုပ်ချုပ်မှုယန္တရား ရပ်တန့်၍ တည်ဆဲအစိုးရပြုတ်ကျရန် ကြိုးပမ်းမှုမအောင်မြင်သောအခါ ဖွဲ့စည်းမှုခိုင်မာသော တပ်မတော်ကို ဖြိုခွဲရန်ကြိုးစားလာသော်လည်း အချည်းနှီးသာဖြစ်ခဲ့ကြောင်း၊ ဆက်လက်၍ သွေးခွဲမှုများ လုပ်ဆောင်လာနိုင်ခြင်းကြောင့် သတိရှိရှိဖြင့် သွေးစည်းညီညွတ်နေရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

### စည်းလုံးညီညွတ်မှုရှိနေရမည်

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်၍ ဘိုးဘေးများ ခေတ်အဆက်ဆက် ထူထောင်ခဲ့သော နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေရန် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပြီး ထိုသို့ ကာကွယ်နိုင်ရန်လည်း တပ်မတော်သားအချင်းချင်းနှင့် မိသားစုဝင်များ အချင်းချင်းတို့သည် ရေပက်မဝင်သော စည်းလုံးညီညွတ်မှုရှိနေရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်ဆောင်ရွက်နေရသဖြင့် ပေးအပ်လာသော လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ သို့ဖြစ်၍ တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက် လုပ်ကိုင်ရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### အားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မော်လမြိုင်မြို့ နယ်မြေခံတပ်နယ်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည် မိသားစုများနှင့် ပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

**❖ လေ့ကျင့်မှု ပြည့်ဝမှသာလျှင် ဖွဲ့စည်း တပ်ဆင်ပေးထားသော ခေတ်မီစစ်လက်နက် ပစ္စည်းကိရိယာနှင့် ယန္တရားများကို ပိုင်နိုင်စွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသော လက်ရုံးဝန်ထမ်းများ အနေဖြင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို ပြောင်းလဲတိုးတက်လာသည့် စစ်မှုသိပ္ပံ နည်းပညာများနှင့်အညီ တတ်ကျွမ်းနေရန် မပြတ်လေ့လာသင်ယူနေရမည်**

# ရန်ကုန်မြို့ သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်လျက်ရှိ





နေပြည်တော် မေ ၄

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ပင်မအုပ်ချုပ်မှုအဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ်ရှိ အဆိုပါသင်တန်းကျောင်း အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ ယခင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အငြိမ်းစားဝန်ထမ်းကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာတွင် ကက်ဒက်စတာ မြေတိုင်းတာခြင်း (Cadastral Surveying)၊ မြေယာအုပ်ချုပ်စီမံခြင်း (Land Administration)၊ မြေယာသတင်းအချက်အလက်စနစ် (Land Information System) နှင့် ပတ်သက်သည့် နည်းပညာများ၊ အတတ်ပညာများ၊ နည်းစနစ်များ၊ ပစ္စည်းကိရိယာများ အလျင်အမြန်တိုးတက်လျက်ရှိသည်နှင့်အညီ မိမိတို့နိုင်ငံတွင်လည်း တည်ဆဲဥပဒေများနှင့် ညီညွတ်စေပြီး ခေတ်မီတိုးတက်မှုရှိသော မြေစာရင်းဖွံ့ဖြိုးမှုဆိုင်ရာသင်ကြားမှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ မြေယာအုပ်ချုပ်စီမံမှုဆိုင်ရာ သက်မွေးပညာသင်တန်းများနှင့် နည်းပညာရပ်ဆိုင်ရာဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာ ထုတ်ပြန်တင်ပြနိုင်မှသာ နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒနှင့် ဆုံးဖြတ်ချက်များချမှတ်ရေး၊ စီးပွားရေးတိုးတက်နှုန်း GDP မှန်ကန်စွာ တွက်ချက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ရာ အလွန်အရေးကြီးသည့် တာဝန်တစ်ခုဖြစ်သည့်အတွက် အဆင့်အတန်းမီ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများစဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကို ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းနှင့် တာဝန်ရှိသူအားလုံးတို့က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ပင်မအုပ်ချုပ်မှုအဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး(**အပေါ်ပုံ**) ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

အခမ်းအနား ဒုတိယပိုင်းဖြစ်သော ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ပင်မအုပ်ချုပ်မှုအဆောင် (ဌာနချုပ်ရုံး) ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများသည် မှော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ ကန်ကလေးလျှပ်စစ်မြစ်ရေတင်လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ရန်ကုန်မြို့ရေပေးဝေရေးနှင့် စိုက်ပျိုးရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီး က ရန်ကုန်မြို့ရေပေးဝေရေးအတွက် နေ့စဉ်ရေဂါလန် ခြောက်သန်း ပို့လွှတ်ပေးနိုင်ရေး၊ ရေသောက်ဧရိယာကို မူလ ၅၀၀ ကျော်မှ ဧက ၃၀၀၀ ခန့်အထိ စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်ရေး၊ မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာနနှင့် လှပဒါးစိုက်ကွင်းများသို့ စိုက်ပျိုးရေ ဖြည့်ဆည်းပြီး သီးထပ်နှစ်သီး အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ရေသွင်း၊ ရေထုတ်မြောင်းများ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှော်ကားရေလှောင်ကန်သို့ ရေကူဖြည့်သွင်းပေးနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာနနှင့် လှပဒါးစိုက်ကွင်းများသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မျိုးထိန်း ၊ မျိုးပွားလုပ်ငန်းများ၊ တောင်သူအကျိုးရှိစေမည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နှင့်ပူးပေါင်း၍ ရေအသုံးချမှုသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဓာတ်မြေဩဇာများကို ဒေသအလိုက် သီးနှံအလိုက် အကျိုးအရှိဆုံး အသုံးပြုနိုင်မည့် သုတေသနလုပ်ငန်းများ၊ နည်းပညာနှင့် သွင်းစုအပြည့်အဝအသုံးပြုသည့် သီးနှံအထွက်နှုန်းနှင့် တောင်သူလက်တွေ့စိုက်အထွက်နှုန်း နှိုင်းယှဉ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၏ လယ်ယာကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မေ ၄

နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာပို့ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာအသိပညာဖြန့်ဝေခြင်းနှင့် ဝန်ဆောင်မှုများကို အဓိကတာဝန်ယူထားသည့် မိမိတို့ဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာလျက် မိမိတို့ တာဝန်ယူထားကြသည့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ကျေပွန်စွာဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ ယမန်နေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် တည်ဆဲဥပဒေများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အသီးသီး၏ စွမ်းဆောင်ရည်တိုးတက်စေရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးဆိုင်ရာများကို သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မော်လမြိုင်မြို့ ရွှေနတ်တောင်ဆည်၏ ရေသိုလှောင် ထိန်းသိမ်းထားရှိမှုနှင့် ဒေသသောက်သုံးရေ အကျိုးပြုနေမှု၊ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် လေယာဉ်ကွင်းသစ် တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့်ချောင်းနှင့် တူးမြောင်းများ ရေလမ်းကြောင်းလွှဲခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရွှေနတ်တောင်ဆည်မှ သောက်သုံးရေ ဖူလုံစွာ ပေးဝေနိုင်ရေး၊ နွေစပါးရေပေးဝေနိုင်ရေး၊ ရေလှောင်ပမာဏ တိုးမြှင့်နိုင်ရေးတို့အတွက် စီမံချက်ရေးဆွဲတင်ပြရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အလားတူ ပုဂ္ဂလိကအအေးခန်းစက်ရုံသို့ သွားရောက်၍ ငါးပုတ်သင်၊ ငါးမုတ်များ GACC ၏ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ထုတ်လုပ်နေမှု၊ သိုလှောင်ထားရှိမှုနှင့် တင်ပို့မှုများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ကြမ်းများရရှိရေး၊ ဈေးကွက်တိုးချဲ့ရေးဆိုင်ရာ ကိစ္စရပ်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြင်ဦးလွင်မြို့ ၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်း ဖွင့်လှစ်

ပြင်ဦးလွင် မေ ၄

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိ ပြင်ဦးလွင် ကော်ဖီသုတေသနနှင့်နည်းပညာပြန့်ပွားရေးဗဟိုဌာန၌ ကျင်းပသည်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲက ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုဖွင့်လှစ်ခဲ့သည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ သင်တန်းသား ၂၂ ဦးအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံး၊ မြင်းကျဒိုး၊ ရွာငံ၊ ပင်းတယ၊ ကရင်ပြည်နယ် သံတောင်မြို့ (လိပ်သို)၊ ချင်းပြည်နယ် ရိဒ်မြို့များမှ သင်တန်းသူသင်တန်းသားစုစုပေါင်း ၄၈ ဦးတို့ တက်ရောက်လေ့လာခဲ့ကြသည်။

သင်တန်း၌ ပြင်ဦးလွင် ကော်ဖီခြံများတွင် အများဆုံး ကျရောက်လျက်ရှိသော ပင်စည်ထိုး ပိုးအဖြူ အပါအဝင် ကော်ဖီပင်၏ ပင်စည်၊ ကော်ဖီပင်စည်ထိုးပိုး အမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ အသီးခူးရာသီပြီးနောက် ပန်းမပွင့်မီအချိန်ဖြစ်သော(မတ်လမှ မေလဆန်းအတွင်း) သဘာဝအရ ဖူးသစ်ရွက်သစ်ထွက်စအချိန်တွင် ပြုလုပ်ပေးသင့်သည့် အသီးခူးရာသီ ကုန်ဆုံးပြီးနောက် ကော်ဖီပင်အား ကိုင်းဖြတ်ပုံသွင်းပြုပြင်နည်းများကို ကော်ဖီ-ရာသီသီးနှံဌာနခွဲ ပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြကြောင်း၊ သင်တန်းတက်ရောက်လာကြသူများကို ကော်ဖီပင်ကိုင်းဖြတ်ပြုပြင်ပုံသွင်း ကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဧပြီ ၃၀ ရက်အထိ မြေပြင်တွင်အမှန်တကယ်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၉၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလွှမ်းခြုံမှုရရှိ

**နေပြည်တော် မေ ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၈ နှစ်နှင့်အထက် လုပ်သားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ အသက်အုပ်စုအလိုက် အဆင့်ဆင့်ထိုးနှံပေးခဲ့သည်။ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၃၄ သန်းကျော်ရှိသော်လည်း ပြည်ပတွင် သွားရောက်နေထိုင်သူများ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့် တာဝန်ထမ်းဆောင်သူဦးရေမှာ ၂ ဒသမ ၄ သန်းကျော်ရှိသည့်အတွက် နိုင်ငံအတွင်း မြေပြင်တွင် အမှန်တကယ်နေထိုင်လျက်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၃၁ သန်းကျော်ကို ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၃၀ ရက်အထိ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၂၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ပါ၍ နိုင်ငံအတွင်း အမှန်တကယ် နေထိုင်သူ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ (၉၁ ဒသမ ၉) ရာခိုင်နှုန်းသည် ကာကွယ်ဆေးလွှမ်းခြုံမှုရရှိပြီးဖြစ်သည်။

ယခုအခါ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူများနှင့်အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသားကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပေးလျက်ရှိပြီး အသက် ၄၀ နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ဆက်လက်၍ ကာကွယ်ဆေးလွှမ်းခြုံမှု ယခုထက်ပိုမိုမြင့်မားစွာ ရရှိစေရေးအတွက် အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အသက်အုပ်စုများ ထပ်မံတိုးချဲ့၍ ကျယ်ပြန့်စွာဆောင်ရွက်ခြင်း၊ ဦးတည်အုပ်စုများအတွင်း ကာကွယ်ဆေးထိုးနှံမှုကို ကျေးလက်ဒေသအထိ ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများကို အသက်အုပ်စုများ ထပ်မံတိုးချဲ့၍ ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆက်လက်တိုးချဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းပြည်ငြိမ်းချမ်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်

**တောင်ကြီး မေ ၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂ ရက် ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီး-ဟိုပုံး ကားလမ်းမဘေးရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ကမ္ဘာပေါ်တွင် လူမျိုးစုပေါင်း ၅၀၀၀ ကျော်ရှိသည့်အနက် နှစ်စဉ် လူမျိုးစု ၂၅ မျိုးခန့် ကွယ်ပျောက်လျက်ရှိပြီး နောင်နှစ်ပေါင်း ၂၀၀ ကျော်လျှင် လူမျိုးစုတော်တော်များများ ပျောက်ကွယ်သွားနိုင်သည်ဟု ပညာရှင်များက ရေးသားပြုစုထားကြောင်း၊ စကား၊ စာပေပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ကို ထိန်းသိမ်းမြှင့်တင်ပြီး ခိုင်ခိုင်မာမာ တည်ဆောက်သွားကြရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေးနှင့် ပတ်သက်ပြီး မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး စာသင်ကျောင်းများတွင် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ ခန့်ထားပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားအရေးကိစ္စများကို ဆောင်ရွက်နေသည့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများ ကင်းရှင်းပြီး သန့်ရှင်း၍ လွတ်လပ်သော စာပေယဉ်ကျေးမှုအဖွဲ့ဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်းရဲနွမ်းပါးမှုကွာဟမှုနည်းပါးအောင် လုပ်ဆောင်ပေးလျက် ရှိပါကြောင်း၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခန်းကဏ္ဍတွင်လည်း ဦးစားပေးပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် “ပန်းခင်းစီမံချက်” အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း လုပ်ငန်းသည် တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် အရေးကြီးသဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြစေလိုပါကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ အင်းသား၊ ကိုးကန့်၊ လီဆူ၊ ကချင်နှင့် ဓနု တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားအရေးကိစ္စရပ်များ၊ စာပေနှင့် ယဉ်ကျေးမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုလုပ်ငန်းများ ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု(ဗဟို)ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား အမှတ်တရလက်ဆောင် ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားနိုင်

၁။ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များရှိအထူးပြုဘာသာရပ်အသီးသီးတွင် ဝင်ခွင့်ရရှိပြီးသူများ၊ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် အချက်အလက်ပြည့်စုံမှုမရှိသဖြင့် ယာယီဆိုင်းငံ့ခြင်းခံထားရသူများ၊ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခဲ့ခြင်းမရှိသေးသူများသည် **ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်**သို့ ဝင်ခွင့်လျှောက်ထားလိုပါက **၂၀၂၂ ခုနှစ်၊ မေလ(၁၆) ရက်နေ့ (နောက်ဆုံးထား၍)** ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (ဥက္ကဋ္ဌ၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်လွှာကို အောက်ဖော်ပြပါ Link များတွင် Download ရယူ၍ လျှောက်ထားနိုင်ပါသည်။

https://drive.google.com/file/d/1AKBbfvqyGqrg7X2aOOmWVFYU5mBjF01y/view?usp=sharing

သို့မဟုတ်

https://tinyurl.com/y2bnnhs4

**အဆင့်မြင့်ပညာဦးစီးဌာန**

# စဉ့်ကူးမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

**စဉ့်ကူး မေ ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း ဧပြီ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများနှင့် ထိခိုက်သေဆုံးသွားသည့် ကျန်ရစ်သူမိသားစုအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို စဉ့်ကူးမြို့နယ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူများက စဉ့်ကူးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်သေဆုံးသူနှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀၊ ပြိုကျပျက်စီးခဲ့သည့်နေအိမ်လေးလုံး၊ အမိုးလန်ပျက်စီးခဲ့သည့်နေအိမ် ၂၃၅ လုံးနှင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းလေးကျောင်း၊ လေဘေးသင့်အိမ်ထောင်စု ၂၃၉ စုမှ လေဘေးသင့်ပြည်သူ ၉၉၂ ဦးတို့အတွက် အိမ်ဆောက်/ကျောင်းဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၁၉၅၅၀၂၀၀၊ ပြိုကျပျက်စီးနေအိမ်လေးလုံးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၆၁၁၄ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ လေးပုံး စုစုပေါင်းထောက်ပံ့မှုတန်ဖိုးငွေကျပ် ၂၀၃၄၆၃၁၄ ကို လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ဇာလွင် (ပြန်/ဆက်)**

# ကျောက်တံခါးမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ကြဲပက်ပွဲ ကျင်းပ

**ကျောက်တံခါး မေ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲကို ယမန်နေ့က ခင်ကြီးကျေးရွာတွင် ပြုလုပ်သည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ကျောက်တံခါးမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ဧက ၁၂၀ စိုက်ပျိုးကြဲပက်ရန်လျာထားပြီး ယခုလက်ရှိအချိန်တွင် ငါးဧကကို စံပြအဖြစ် ကြဲပက်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စန်းစန်း(ပြန်/ဆက်)**



# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ မှတ်တမ်း

**(ယမန်နေ့မှအဆက်)**

**Myanmar Public Press သတင်းဌာနမှ တာဝန်ခံ အယ်ဒီတာ ဒေါက်တာဦးစိုးမြင့်ဦး**က မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုသည် တော်တော်မြင့်တက်လာကြောင်း၊ ထိုအဂတိလိုက်စားမှု၏ နောက်ဆက်တွဲဆိုးကျိုးက နိုင်ငံတော်အပေါ်တွင် ကြည်ညိုမှုအားနည်းလာကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ထိခိုက်လာကြောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုလည်း ပျက်သုန်းစေသည့်အထိ ဖြစ်နိုင်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး နိုင်ငံအတွင်း၌ ဖြစ်နေသည့် တရားစီရင်ရေးနှင့် မြေယာပြဿနာဖြေရှင်းမှုများသည် ယခင်စနစ်အတိုင်းသာ သွားနေမည်ဆိုလျှင် ဒုံရင်းဒုံရင်းပင်ဖြစ်နေမည်ဖြစ်ကြောင်း၊ အဆင်ပြေမည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိုင်းဒေသကြီး အစိုးရကို ပြန်ပြီးတင်ပြရန်ညွှန်ကြားလိုက်သည့်အခါ တိုင်းဒေသကြီးမှ ခရိုင်၊ ခရိုင်မှ မြို့နယ်၊ တစ်နည်းအားဖြင့် ပြောရလျှင် မြို့နယ်က အကျင့်ပျက်ဝန်ထမ်းများက လုပ်နေကြောင်း၊ ထိုအကျင့်ပျက်ဝန်ထမ်းများက ပြန်ပြီးတင်ပြသည့်အခါ လိမ်လည်လှည့်ဖြားနေကြောင်း၊ ယင်းစနစ်ကို မိမိတို့က အမျိုးသားအကျိုးစီးပွားအတွက် ရည်ရွယ်ပြီး ထိုအဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ခြေဖျက်နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ပြီး ဆောင်ရွက်နိုင်လျှင် အဆင်ပြေမည်ဟုထင်ကြောင်း၊ မိမိတို့ အရပ်ဘက်ပညာရှင်များ၊ ပုဂ္ဂိုလ်များကိုပါ ဖိတ်ကြားဆွေးနွေးပြီး မဟာဗျူဟာရေးဆွဲခြင်းကို ပြုလုပ်စေလိုကြောင်း။

**ထိန်းကျောင်းပေးစေလို**

သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် အချိန်ကာလနည်းသည့်အတွက် မဆောင်ရွက်နိုင်ဘူးဆိုလျှင် လတ်တလော ၎င်းစနစ်ကို ထိန်းကျောင်းပေးစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ဆိုလျှင် တိုင်ကြားစာနှင့်ပတ်သက်ပြီး မတိုင်ကြားသည်မှာ ကြာသွားပြီဖြစ်ကြောင်း၊ တိုင်စာတင်ခြင်းကိုလည်း အားမပေးကြောင်း၊ တင်လိုက်လျှင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရကို ပြန်လည်တင်ပြရန် ညွှန်ကြားကြောင်း၊ ညွှန်ကြားသည့်အခါ နောက်ဆုံးတွင် ဒုံရင်းဒုံရင်းနှင့်သာ စရိတ်များ ထပ်ပြီးကုန်ကြောင်း၊ တော်တော်ဆိုးဆိုးရွားရွား အခြေအနေများကိုလည်း တွေ့ရကြောင်း၊ ဥပမာ-ရခိုင်ပြည်နယ် အမ်းမြို့တွင် ယခင် လွတ်လပ်ရေးမရခင်ကတည်းက နှစ်ပေါင်းရာချီပြီးနေခဲ့သည့် ချင်းတိုင်းရင်းသားရွာလေးရှိခဲ့ကြောင်း၊ ထိုရွာကို လုပ်ငန်းရှင်များက မျက်စိကျလာသည့်အတွက် ဖျက်သိမ်းခြင်းကို ခံရကြောင်း၊ ထိုသို့ဖျက်သည့်အခါ တရားရင်ဆိုင်ဆဲကာလတွင် တစ်စုံတစ်ယောက်က ဖိအားပေးပြီး ရဲကလာဖျက်ကြောင်း၊ မှတ်တမ်းဓာတ်ပုံရိုက်သည့်အခါ ဓာတ်ပုံများကို သိမ်းခြင်းခံရကြောင်း၊ ထိုဖြစ်စဉ်များကို မိမိတို့ကထပ်ပြီး မဖြစ်စေလိုကြောင်း၊ အိမ်များတင်မကဘဲ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းပါ အဖျက်ခံလိုက်ရကြောင်း၊ ယင်းကိစ္စများကို ပြန်လည်သုံးသပ်ပေးစေလိုကြောင်း၊ မိမိတို့ ဘေးပတ်ဝန်းကျင်ကလူပင် တော်တော်လေး ခံစားနေရကြောင်း။

တရားစီရင်ရေးတွင်လည်း တော်တော်လေး အခြေအနေဆိုးနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တစ်ခုတွင် မြေရှင်တစ်ယောက်က ၎င်း၏မြေကို ပိုင်းပြီးရောင်းကြောင်း၊ ဝယ်သည့်သူက စရန်ပေးပြီး ကျန်သည့်ငွေကိုမပေးဘဲ စာချုပ်အပေါ်တွင် လက်ဗွေအတုဖြင့်လုပ်ပြီး ဂရမ်ရအောင် ကြိုးစားလိုက်ကြောင်း၊ ထို့နောက် ရောင်းသည့်မြေရှင်ကို ပြန်ပြီး တရားစွဲကြောင်း၊ တစ်ဖက်ကခံရသည့် မြေပိုင်ရှင်ပုဂ္ဂိုလ်ကလည်း ထိုသူကိုပြန်ပြီး လက်မှတ်အတုပြုလုပ်သည့်အတွက် CID ထောက်ခံချက်နှင့်ပြန်ပြီး တရားစွဲကြောင်း၊ သို့သော် ဟိုဘက်က စွဲသည့်အမှုသာ




အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ စတင်ပြုလုပ်၊ ၆ ကြိမ်။

တက်လာပြီး မြေယာရောင်းသည့်သူက ထောင်ကျနေကြောင်း၊ CID လက်မှတ်ရသော်လည်း ဒီဘက်က ပြန်စွဲထားသည့် အမှုက နှစ်နှစ်ကျော်ကြာကြောင်း၊ ရဲနှင့် ဥပဒေရုံး ဘောလီဘောပုတ်နေကြကြောင်း၊ ယင်းကဲ့သို့ အကျည်းတန်ရုပ်ဆိုးနေသည့် ဖြစ်ရပ်များကို ရှောင်ရှားနိုင်အောင် လတ်တလောအနေအထားဖြင့် လုပ်မည်လား၊ ရေရှည်အတွက် မျှော်လင့်ပြီး မဟာဗျူဟာချမှတ်ပြီး လုပ်မည်လား၊ မည်သည့်နည်းလမ်းဖြင့် လုပ်မည်လဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ရခိုင်ပြည်နယ် အမ်းကိစ္စကို အထောက်အထားများ ပေးခဲ့၍ ရကြောင်း၊ အဂတိတိုက်ဖျက်ရေးမှာ နိုင်ငံတိုင်းတွင် အလေးထားပြီး တိုက်ဖျက်နေသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ယင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံကို ထူထောင်လျှင် ပိုပြီးလိုအပ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်အောင် တချို့နေရာများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကိုလည်း စာနှင့်တိုင်ကြားခြင်း၊ တိုင်ကြားသည့် နည်းလမ်းများ ဖွင့်လှစ်ပေးသည်များရှိကြောင်း၊ ထိုထက် ပြည်သူများ ပူးပေါင်းပါဝင်လာနိုင် သည့် အခွင့်အရေးများကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကလည်း ဖြေကြားပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**မဟာဗျူဟာစီမံချက်များ ရေးဆွဲဆောင်ရွက်**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး**က ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗန်းရှင်းကို အတည်ပြုဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ဥပဒေကို ပြဋ္ဌာန်းပြီးသည်နှင့် ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းသွားအောင် မဟာဗျူဟာစီမံချက်များ ရေးဆွဲခဲ့ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ကာလတို ၄ နှစ်စီမံကိန်းများကို ဆောင်ရွက်နေကြောင်း၊ ထိုအထဲမှ လုပ်ငန်းတာဝန်သုံးရပ်အနေဖြင့် အဂတိလိုက်စားမှုကို တားဆီးကာကွယ်မည်၊ အရေးယူဆောင်ရွက်မည်၊ အသိပညာပေးမည်ဆိုသည့်ကိစ္စရပ်များနှင့် ၄ နှစ်တစ်ကြိမ် မဟာဗျူဟာစီမံချက်များကို ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ၊ ၂၀၂၂ ခုနှစ်မှ စတင်ကာ ထပ်ပြီး ၄ နှစ်တစ်ကြိမ် ဒုတိယအကြိမ် မဟာဗျူဟာစီမံချက်ကာလတိုစီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ထိုအထဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဆောင်ရွက်သည့်အပိုင်း၌ ကော်မရှင်တစ်ခုတည်းတင်မဟုတ်ဘဲ ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို အမြဲတမ်းဆောင်ရွက်နေသည့် အကြောင်းအရာများကို သတင်းစာများတွင်လည်း ဖော်ပြကြောင်း၊ မိမိတို့ဌာန Facebook စာမျက်နှာများတွင်လည်း ဖော်ပြထားကြောင်း၊ ပြည်သူလူထုမှ ဝန်ကြီးဌာန အဖွဲ့အစည်းများကိုသွားပြီး ဝန်ဆောင်မှုရယူနေသည့် အချိန်တွင် ထိုသူတို့၏ ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များကိုသွားပြီးတင်ပြသည့်အချိန် ကျေနပ်မှုရှိ/မရှိ ယခင်က ကမ္ဘာ့ဘဏ်များတွင် ပူးပေါင်းဆောင်ရွက်မှု၊ ယခုက Public People Programming ဆိုသည့်အပိုင်းဖြင့် ဆောင်ရွက်နေကြောင်း၊ ယင်းတို့ကို ဆောင်ရွက်သည့်အတွက် နောက်ပိုင်းတွင် အဂတိလိုက်စားမှုက လျော့နည်းလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အာရှဆိုင်ရာဖောင်ဒေးရှင်းက ဆောင်ရွက်သည့်ကိစ္စများတွင် မြန်မာနိုင်ငံတွင် ရှိသည့် အဂတိလိုက်စားမှုများတွင် လျော့နည်းကျဆင်းမှုကို မိမိတို့၏ဆောင်းပါးများ၊ Facebook စာမျက်နှာများတွင် တင်ပြထားပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးတိုင်းတာနိုင်၊ ဆောင်ရွက်နိုင်သည့်ကိစ္စမှာ အများကြီး လျော့နည်းကျဆင်းလာသော်လည်း တစ်ဦးတစ်ယောက်အနေဖြင့် အနည်းငယ် အခက်အခဲရှိနိုင်ကြောင်း။

ထို့ကြောင့် အခက်အခဲရှိနေသည်ဆိုလျှင် ကော်မရှင်ကို တိုင်ကြားရမည့်ကိစ္စများကို စာတိုက်မှ တိုင်ကြား၍ ရနိုင်ကြောင်း၊ ကော်မရှင်သို့လည်း တိုင်ကြား၍ ရနိုင်ကြောင်း၊ G.mail ဖြင့်လည်း တိုင်ကြား၍ ရနိုင်သည်ကို သတင်းစာများတွင် ထည့်ပြီး ကြော်ငြာထားကြောင်း၊ ထိုနည်းလမ်းအတိုင်းသာ ဆောင်ရွက်ပါက ကော်မရှင်အနေဖြင့် ပေးပို့လာသည့် တိုင်ကြားစာများအပေါ်တွင် အရေးယူဆောင်ရွက်မှု ရှိကြောင်း၊ မိမိတို့ဆောင်ရွက်ပေးနိုင်သည့်အတိုင်း အတာအပြင် အကြံပြုအကြောင်းပြန်စာများလည်း ရှိကြောင်း၊ တချို့ကိစ္စများတွင် အနည်းငယ်ရှိသော်လည်း များသောအားဖြင့် ကော်မရှင်အနေဖြင့် အကြံပြုပြန်ကြားချက်၊ ဆောင်ရွက်ချက်များရှိကြောင်း ပြန်လည်ဖြေကြားသည်။

**အလေးထားဆောင်ရွက်**

ဆက်လက်၍ **Myanmar Public Press သတင်းဌာနမှ အယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က တကယ်လက်တွေ့တွင် ကော်မရှင်ကို တိုင်လိုက်သည့် စာတော်တော်များများသည် တိုင်းဒေသကြီးကို ရက် ၆၀ အတွင်း အကြောင်းပြန်ရန် ပို့လိုက်သည့်စာများ၊ အခြားဌာနများ တရားရေးကတစ်ဆင့် အရေးယူရန် စသဖြင့် တကယ့်ကို ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် တိုင်ကြားသည်ကိုပင် အရေးယူနိုင်မှု အားနည်းနေသည်ကို တွေ့ရကြောင်း၊ ထိုအရာကလည်း တချို့အခြေအနေများ ရှိကောင်း ရှိလိမ့်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အဂတိတိုက်ဖျက်ရေးကော်မရှင်၏ ကျင့်ဝတ်ထဲတွင် အရပ်ဘက်အဖွဲ့အစည်းများကို ဖိတ်ခေါ်ရန်၊ တန်းတူရည်တူဆက်ဆံရန် ပါဝင်သော်လည်း အဂတိတိုက်ဖျက်ရေးအဖွဲ့များကို တရားမဝင်သလို ထင်ယောင်ထင်မှားဖြစ်စေမည့် ကြော်ငြာချက်များထုတ်ဖူးကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့နှင့်သာ အကျုံးဝင်ကြောင်း၊ ရဟန်းဝိနည်းသည် ရဟန်းနှင့်သာဆိုင်ကြောင်း၊ သို့သော် အမြို့မြို့အနယ်နယ်၌ရှိသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် အကျုံးမဝင်ပါဟု ကြေညာကြောင်း၊ ထိုသို့ ကြေညာခြင်းသည် ပြည်သူများအတွက် ထင်ယောင်ထင်မှားဖြစ်စေကြောင်း၊ ပြည်သူအများစုက ဥပဒေကို နားမလည်ကြကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကသာ ဆောင်ရွက်ခွင့်ရှိသော ဥပဒေကို ဆိုလိုသည်ကိုမသိဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အကျုံးမဝင်ဘူးဆိုလျှင် ထိုအဖွဲ့များက လူလိမ်များဖြစ်နေသည်လား၊ လိမ်ညာ၍ လုပ်နေသယောင် ဖြစ်စေကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ကြိုဆိုသင့်ကြောင်း၊ ဥပဒေကိုသာသိကြပြီး Quate ကို မသိကြကြောင်း၊ မိမိတို့အနာဂတ်အတွက် ထိုအဂတိလိုက်စားမှုကို လျှော့ချနိုင်ရန် မည်သည့်နိုင်ငံမျှမကင်းကြောင်း၊ မည်သည့်ပြစ်ဒဏ်ပေးပေး မကင်းကြောင်း၊ တရုတ်ပြည်တွင် သေဒဏ်ပေးသည်ကိုတောင် မကင်းကြကြောင်း၊ သို့သော် အဂတိမြင့်တက်လျှင် နိုင်ငံတိုးတက်မှု အလွန်အင်မတန်ဆုတ်ယုတ်ပြီး စိတ်ဓာတ်ပျက်ပြားသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အလေးထား ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**နိုင်ငံအတွက် အကျိုးရှိ**

ဆက်လက်၍ ဒုတိယမေးခွန်းအနေဖြင့် မိမိတို့နိုင်ငံတော်က သဘောထားကြီးစွာဖြင့် ပြန်လွှတ်ပေးသည်များ များစွာရှိပါကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိမည့် ကိစ္စများအတွက် ကြိုဆိုပါကြောင်း၊ အနုပညာရှင်များလည်း လွှတ်ပေးထားကြောင်း၊ နိုင်ငံတော်ကို အကျိုးပြုနိုင်ရန် ရည်ရွယ်၍ လွှတ်ပေးထားသည်ဟုသိရကြောင်း၊ BPI စက်ရုံမှူး ဒေါက်တာအောင်ဇော်ကို လွှတ်ပေးလိုက်ခြင်းသည် နိုင်ငံအတွက် တကယ်ကိုအကျိုးရှိကြောင်း၊ ကိုဗစ်ကာကွယ်ဆေးထုတ်ပေးသည့်အတွက် အလွန်အင်မတန်မှ ဝမ်းသာဂုဏ်ယူမိကြောင်း၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်နှင့်ပတ်သက်၍ ကြားရသည့်သတင်းများက ထိုအချိန်ကာလတွင် အခြေအနေကြောင့် အရေးယူခံရသည့် အကြောင်းတရားများလည်းရှိသည်ဟု ကြားမိပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများကိုလည်း ဂွင်ထဲဝင်အောင် ဖန်တီးပြီး အရေးယူမှုများရှိသည်ဟူ၍လည်း ကြားဖူးကြောင်း၊ နိုင်ငံတော်အတွက် ဖြေလျှော့မှုများ အားလုံးထဲမှ ဦးစိုးထွန်းရှိန်တို့ပါလာလျှင် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ၎င်းကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ဘဝလည်း ပိုမိုစိုပြည်လာမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးမည့် အခြေအနေများရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**စာမျက်နှာ ၁၁ သို့** ✪

✪ စာမျက်နှာ ၁၀ မှ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး ပြောသည့် အကြောင်းအရာကို မှတ်သားထားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

**နေပြည်တော်အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကမ်းလှမ်းချက်အရ ငြိမ်းချမ်းရေးဖော်ဆောင်မှု NCA လမ်းကြောင်းအပေါ် EAOs အဖွဲ့အစည်းများထဲက တက်ရောက်မည့်အဖွဲ့များရှိသည်ဟု ကြားသိရပါကြောင်း၊ NCA လမ်းကြောင်းအပေါ် ယုံကြည်မှုနည်းပြီး ဝေဖန်မှုများလည်းရှိကာ မတက်ရောက်မည့် အဖွဲ့အစည်းများလည်းရှိသည်ဟု ကြားသိရပါကြောင်း၊ မိမိသိလိုသည်မှာ NCA လမ်းကြောင်းအပေါ် တက်မလာသည့် EAOs အဖွဲ့အစည်းများကို ဆက်လက်ပြီး မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း၊ NCA လမ်းကြောင်းအပေါ် တက်ရောက်လာသည့် EAOs အဖွဲ့အစည်းများကို မည်မျှအထိ လိုက်လျောမှု၊ ဖြေလျှော့မှုများ၊ ညှိနှိုင်းမှုများ ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စနှင့်ပတ်သက်၍ မည်သည့်ကန့်သတ်ချက်မျှမထားဘဲ ဆွေးနွေးမည်ဟု ပြောပြီးဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်မျိုးသည် မရှိသလောက် ရှားပါးကြောင်း၊ ယခုလောက်ဆို မိမိတို့ပြောထားသည်မှာ ပြည့်စုံလုံလောက်ပြီဖြစ်ကြောင်း၊ တွေ့ဆုံသည့်နေရာတွင်လည်း ဆုံးဖြတ်ပေးနိုင်မည့်လူအချင်းချင်း တွေ့ဆုံခြင်းသာဖြစ်ကြောင်း၊ ယခုထက်မြင့်မားသော ကြီးမားသည့် ဆွေးနွေးမှုရှိနိုင်မည် မဟုတ်ကြောင်း၊ အဆုံးအဖြတ်ပေးနိုင်သူအချင်းချင်း တွေ့ဆုံသည့်နေရာတွင် ကြိုတင်ကန့်သတ်ချက်မရှိဘဲ ဆွေးနွေးနိုင်ရေးဆိုသည့်အချက်ပါပြီးဖြစ်သည့်အတွက် ပြည့်စုံလုံလောက်ပြီဟု ပြောလိုကြောင်း၊ NCA လက်မှတ်ရေးထိုးသည့်သူများ NCA လမ်းကြောင်းနှင့် ပတ်သက်ပြီး သွေဖည်သူများစသည်တို့မှာ အမျိုးစုံပြောနေခြင်းဖြစ်ကြောင်း၊ NCA နှင့်ပတ်သက်ပြီး လိုသည့်သူများရှိသလို၊ မလိုသည့်သူများလည်းရှိကြောင်း၊ လက်မှတ်ရေးထိုးခါနီးတွင် စဉ်းစားပြီး လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံအတွင်းရှိ နာမည်ကြီးပုဂ္ဂိုလ်များပင်လျှင် ပြောခဲ့ခြင်းဖြစ်ကြောင်း၊ သူ့ယူဆချက်နှင့်သူရှိကြောင်း၊ မိမိတို့အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းရေးကို သွားမည်ဆိုပါက စည်းစနစ်တကျနှင့် သွားခြင်းက ပို၍တန်ဖိုးရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို သွားမည်ဆိုလျှင် အားလုံးအသိအမှတ်ပြုထားသည့် မူဘောင်ထဲက သွားခြင်းသည်သာ ပိုပြီးအသင့်လျော်ဆုံးဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်း အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာဦးမင်းမောင်**က မြန်မာနိုင်ငံက ထုတ်လုပ်သည့် Myancopharm ကိုဗစ်ကာကွယ်ဆေးနှင့် ပတ်သက်၍ ဧပြီလထဲတွင် ကျန်းမာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးရန် ကြားသိရကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအား လွှဲပြောင်းပေးပြီးပြီလား၊ စတင်အသုံးပြုနေပြီလား၊ မည်မျှအထိ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမည်ဆိုသည်ကို ပြည်သူလူထုသိအောင် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကာကွယ်ဆေးတစ်သန်းကို ၂၀၂၂ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနကို လွှဲမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ဗိုလ်ချုပ်ပြသွားသည့် ဇယားထဲတွင်လည်းပါကြောင်း၊ မိမိတို့အနေဖြင့် ကာကွယ်ဆေးထိုးပြီးသည်မှာ သန်း ၅၀ ကျော်၊ ၆၀ နီးပါးခန့်ရှိကြောင်း၊ မိမိတို့လက်ထဲတွင်လည်း လက်ကျန်ဆေး ၁၀ သန်းခန့်ရှိသောကြောင့် Myancopharm ကိုလည်း ကိုဗစ်ကာကွယ်ဆေးစာရင်းထဲတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းအရ စောစော Expired ဖြစ်စေမည့်ဆေးကို အရင်ထိုးကြောင်း၊ ထိုးပြီးလျှင် ကျန်ဆေးများကို အစဉ်လိုက် အသုံးပြုသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။




**နိုင်ငံရေးနည်းနှင့် ဖြေရှင်းရမည်**

**တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်**က ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီကမှတ်ပုံတင်ပြီး ညောင်နှစ်ပင်၌ ညီလာခံလုပ်သည့်အချိန် မိမိအနီးကပ်ရှိပါကြောင်း၊ ညောင်နှစ်ပင်ညီလာခံတွင် ၎င်းတို့ သပိတ်မှောက်သွားကြောင်း၊ လက်ရှိ တာဝန်ထမ်းဆောင်နေသည့် အစိုးရက လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖြစ်အောင် ကြိုးစားခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကျင်းပပေးခဲ့ကြောင်း၊ ထပ်မံပြီး သပိတ်မှောက်သည်ဟု NLD ကဆိုကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲမဝင်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်သည့်အတွက် သပိတ်မှောက်သည်ဟုပြောပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ဝင်လာကြောင်း၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ထပ်လုပ်ကြောင်း၊ ရွေးကောက်ပွဲတွင် မသမာမှုဖြစ်သည့်အတွက် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ နိုင်ငံရေးကိစ္စကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မဖြေရှင်းသည့်အတွက် ယခုလိုကိစ္စမျိုးပေါ်လာခြင်းဖြစ်ကြောင်း၊ သတင်းများအားလုံးကို စုထားသည့် သတင်းဌာနများ၏ သတင်းထောက်များက ပိုသိကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးနည်းနှင့် မဖြေရှင်းသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကြေညာထားကြောင်း၊ လဝကအနေဖြင့်လည်း ပန်းခင်းစီမံချက်ဖြင့် ဝန်ထမ်းများ မနေမနားလုပ်နေရကြောင်း၊ ၎င်းတို့အနေဖြင့် စနေ၊ တနင်္ဂနွေ နေ့တောင် မနားရကြောင်း၊ မိမိတို့က လိုက်ကြည့်နေသည့်အတွက် သိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ကရင်ပြည်နယ်တွင်ဖြစ်ခဲ့သည့် သာဓကတစ်ခုရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တိုက်ပွဲဆင်နွှဲခဲ့ပြီး မဲပုံးများ အတင်းဝင်လုကြကြောင်း၊ လက်ရှိ NLD ပါတီက ပေါက်ဖွားလာသည့် NUG သည် မည်သည့်နိုင်ငံတွင် ရုံးတည်ထားသည်ကို မိမိတို့မသိကြောင်း၊ မည်သည့်နေရာတွင် ရုံးတည်ထားသည်ကိုပြလျှင် မိမိကိုယ်တိုင် သွားကြည့်မည်ဖြစ်ကြောင်း၊ အလုံးစုံပျက်သုဉ်းရေးသည် မိမိတို့နိုင်ငံအတွက် အလားအလာမကောင်းကြောင်း၊ ၂၀၁၀ ပြည့်နှစ်လိုသာဓကမျိုး NUG များက အလုံးစုံပျက်စီးအောင်လုပ်ခဲ့လျှင် ၎င်းတို့ပင် သပိတ်မှောက်ပြီး ၎င်းတို့ကပဲ ရွေးကောက်ပွဲလုပ်ကြောင်း၊ ယင်းလိုမျိုး ထပ်လုပ်မည်ဟု မပြောနိုင်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို ပျက်စီးအောင်လုပ်ခဲ့မည်ဆိုလျှင် ဗိုလ်ချုပ်တို့အနေဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် လက်ရှိအစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်ရန်ရှိမည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ကြောင်း၊ လွှမ်းမိုးမှုဟုဆိုရာတွင် လက်နက်ကိုင်ပဋိပက္ခများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများ၊ မတရားလွှမ်းမိုးမှုများရှိကြောင်း၊ နိုင်ငံရေးပါတီများက ရွေးကောက်ပွဲတွင် လူထုကို စည်းရုံးရသည်ဖြစ်ကြောင်း၊ တရားသောနည်းဖြင့် လွှမ်းမိုးမှုကဟောပြောကြကြောင်း၊ လိုက်လံစည်းရုံးကြကြောင်း၊ မတရားလွှမ်းမိုးမှုသည် အကြောက်တရားလူအုပ်ဖြင့် လုပ်ဆောင်ကြကြောင်း၊ ယင်းကိစ္စများမရှိမှသာ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒများကို အမှန်အတိုင်း ဖော်ထုတ်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းလုံး၌ ပျံ့ပျံ့နှံ့နှံ့ အကြားအလပ်မရှိ ဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးစားဆောင်ရွက်နိုင်အောင် ခြိမ်းခြောက်မှုများမရှိဘဲ ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်ပြီး မိမိတို့ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖိတ်ခေါ်ပြီးဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးတွင် မိမိတို့သည် မည်သည့်အဖွဲ့နှင့် မဆွေးနွေးနိုင်ဘူးဆိုပြီး ပါဝင်ကြောင်း၊ မည်သည့်အဖွဲ့နှင့် မဆွေးနွေးနိုင်ဘူးဆိုလျှင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို မည်သို့လုပ်မည်လဲဆိုသည်ကို အဖြေထဲတွင် ပါဝင်ပြီးဖြစ်ကြောင်း၊ ထိုအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်**က ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ်တော်တော်များများကို အရေးယူထားကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ချိတ်ပိတ်ထားသည့် အိမ်များ၊ အဆောက်အအုံများ၊ ပစ္စည်းများရှိကြောင်း၊ ၎င်းတို့ကို လက်ရှိအစိုးရအနေဖြင့် မည်သည့်ဌာနတွင် မှတ်ပုံတင်ပြီး အသေးစိတ်ကို မည်သို့သိမ်းဆည်းထားပါသလဲ၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်တွင် ကြက်ဆူစိုက်ခင်းဆိုပြီး ကရင်ပြည်နယ် မြဝတီမြို့တွင် မြေ ၂၅ ဧကပေးခဲ့ကြောင်း၊ ယင်းကို (စ)သုံးလုံးက မြေကိုသိမ်းသလိုလို၊ ထွေ/အုပ်က သိမ်းသလိုဖြစ်ကြောင်း၊ NLD အစိုးရတက်လာသည့်အခါ ပြည်ပြေးဖြစ်နေသည့် မန်းဝင်းခိုင်သန်းနှင့်ပူးပေါင်းပြီး ၎င်းတို့ကို မြေအကွက်ရိုက်ကြကြောင်း၊ ယင်းသို့ လုပ်ဆောင်သည့်အတွက် နိုင်ငံအတွက် နစ်နာကြောင်း၊ ထိုသို့ဖြစ်မှာကြောက်သည့်အတွက် မည်သည့်ဌာနက သိမ်းထားသည်လဲဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းမြေများကို အစိုးရအနေဖြင့် သိမ်းခြင်းဖြစ်ကြောင်း၊ တရားရုံးလုပ်ထုံး၊ လုပ်နည်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့် ပတ်သက်ပြီး လေလံတင်ခြင်း၊ ထုခွဲခြင်း စသည့် လုပ်ငန်းစဉ်များရှိကြောင်း၊ အသေးစိတ်ကိုပြည်ထဲရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး**က ပြဋ္ဌာန်းဥပဒေနှင့်အညီ ပေးပို့လာသည့်တိုင်ကြားစာများကို အခန်း ၃ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ တာဝန်နှင့် အလုပ်အပိုဒ်ခွဲများနှင့်အညီ အဂတိလိုက်စားမှုကျူးလွန်သူများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာသည့် သတင်းထောက်ကြီးများ သိပြီးဖြစ်ကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှု ကျူးလွန်သည့်အတွက်ကြောင့် ရရှိလာသည့် ငွေကြေးပစ္စည်းများကို မိမိတို့ဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့်ပတ်သက်ပြီး သိမ်းဆည်းသည့် အဆောက်အအုံများကို သက်သေခံပစ္စည်းအဖြစ် တရားရုံးသို့ တင်ပြကြောင်း၊ တရားရုံးမှ တင်ပြထားသည့်အတိုင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် ၈၆/ ၂၀၂၀ နှင့်အညီ ဖွဲ့စည်းထားသည့် သက်သေခံပစ္စည်း ထိန်းသိမ်းထားရေးကော်မတီရှိကြောင်း၊ ထိုအဖွဲ့ထံသို့ သက်သေခံပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်ပါကြောင်း၊ သက်သေခံပစ္စည်းထိန်းသိမ်းရေးကော်မတီက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည်ဟု တရားရုံးမှ အမိန့်ချသည်နှင့် ဆက်လက်ပြီး လုပ်ဆောင်ကြောင်း၊ ယင်းက ၈၆/ ၂၀၂၀ ၏ ဖွဲ့စည်းထားသည့်အမိန့်ဖြစ်ကြောင်း၊ ၎င်းတို့တွင် သက်ဆိုင်ရာဗဟိုကော်မတီရှိကြောင်း၊ ခရိုင်တွင်ဖွဲ့စည်းထားသည့် ကော်မတီများရှိကြောင်း၊ မြို့နယ်တွင် ဖွဲ့စည်းထားသည့် ကော်မတီများရှိကြောင်း၊ ထိုအဖွဲ့အစည်းများကသာ သက်ဆိုင်ရာပေးအပ်ထားသည့် ပုဂ္ဂိုလ်များက စီမံဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်**က လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း၌ ရုံးအမှတ်များရှိကြောင်း၊ အကူအညီတောင်းမည်ဆိုလျှင် ရုံးအမှတ်နှင့် တိုင်နိုင်ကြောင်း၊ ယခု NLD မှ ပေါက်ဖွားလာသည့် NUG အစိုးရ၏ ရုံးအမှတ်ကို မိမိရှာသော်လည်း မတွေ့ကြောင်း၊ မည်သည့်နိုင်ငံမဆို မိမိသွား၍တွေ့ချင်ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအကုန်လုံး၏ အသေးစိတ်စာရင်းကို ၎င်းတို့က အကျင့်ပျက်စာရင်းကြေညာကြောင်း၊ ထုတ်ပယ်ကြောင်း၊ မိမိတို့လက်ရှိ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီအစိုးရက တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရန် လက်ရှိ ကျွမ်းကျင်ဝန်ထမ်းများကို အသက် ၆၂ နှစ်အထိ ဥပဒေ၊ နည်းဥပဒေများအနေနှင့် ဆက်လက်ထမ်းဆောင်ခွင့်ပြုကြောင်း၊ တချို့ကိုလည်း နိုင်ငံတော်၏ လိုလားချက်အရ ၎င်းတို့၏ သဘောဆန္ဒကိုပြုကြကြောင်း၊ များသောအားဖြင့် မိမိတို့ စောင့်ကြည့်သည့်အခါ တော်တော်များများက သဘောဆန္ဒပြုပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ကြကြောင်း။

ယခု PDF ဟု ခေါ်ကြသည့်သူများသည် အနန္တော အနန္တဂိုဏ်းဝင် သံဃာတော်များကို သတ်ကြောင်း၊

စာမျက်နှာ ၁၂ သို့ ✪

✪ စာမျက်နှာ ၁၁ မှ

မိမိတို့ကိုစာသင်ပေးသည့် အနန္တောအနန္တဂိုဏ်းဝင် ဆရာများကိုလည်း သတ်ကြောင်း၊ လက်မခံနိုင်သည့် အနေအထားကို ရောက်လာကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် ရှေ့တွင်အလုပ်လုပ်နေပြီး နောက်မှာကျောမလုံဘူးဆိုပြီး ဝန်ထမ်းတော်တော်များများ မိမိတို့ကိုပြောလာကြောင်း၊ ထို့ကြောင့် ဦးစီးအရာရှိ၊ ဒုဦးစီးအရာရှိရာထူးများကို သေနတ်ထုတ်ပေးထားရန် အစီအစဉ်ရှိမည်လား၊ ထို့နည်းအတူ နိုင်ငံတာဝန်ကို အခက်အခဲကြားမှာ အသက်စွန့်ပြီး ထမ်းဆောင်ရသည့်ဝန်ထမ်းများအတွက် ယခုရောက်နေသည့် မိမိတာဝန်ကျနေသည့်နေရာ၌ သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ လုပ်သက် ၂၅ နှစ်၊ ၃၀ နှစ် ဝန်ထမ်းများကို လစာမတိုးပေးနိုင်သော်လည်း ၎င်းတို့ထွက်လျှင် အနားယူရန်အတွက် မြေနေရာများပေးရန် အခွင့်အရေးတစ်ခုအဖြစ် စဉ်းစားဆုံးဖြတ်ထားခြင်းများ ရှိပါသလား သိလိုကြောင်း မေးမြန်းသည်။

**အစိုးရအဆက်ဆက် ချီးမြှင့်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့ ယခုလုပ်ပေးနေသည်မှာ ယမန်နေ့က ပညာရေးဝန်ကြီးဌာနမှ အစည်းအဝေးလုပ်ကြောင်း၊ ပညာရေးဝန်ထမ်းများကို ထောက်ပံ့ပေးရန် အစည်းအဝေးလုပ်ခဲ့ကြောင်း၊ တခြားဝန်ထမ်းများမှာလည်း ဝန်ကြီးဌာနအလိုက် ထိုသို့အစီအစဉ်များ ရှိလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မိမိပြောခဲ့သလို ဝန်ထမ်းများနှင့်ပတ်သက်၍ သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများ၊ လုပ်သက်အပြည့်တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများ၊ အငြိမ်းစားယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့်ပတ်သက်၍ အစိုးရအဆက်ဆက် ချီးမြှင့်ခြင်းများရှိကြောင်း၊ ထိုသို့ချီးမြှင့်ခြင်းများသည် ၎င်းတို့၏ နေထိုင်နိုင်ရေး အဆင်ပြေနိုင်အောင် လုပ်ဆောင်ပေးသည်များရှိကြောင်း၊ မိမိတို့လက်ထက်ရှိ ဝန်ထမ်းများနှင့်ပတ်သက်၍ ယင်းအစီအစဉ်မျိုးများ အစိုးရတွင် ရှိသည်ဟု ပြောလိုကြောင်း၊ ဝန်ထမ်းများ၏ လုံခြုံရေးနှင့်ပတ်သက်၍ သတင်းထောက်ကြီး ပြောသကဲ့သို့ လက်နက်ထုတ်ပေးနိုင်ခြင်း၊ မထုတ်ပေးနိုင်ခြင်းသည် မိမိတို့အနေဖြင့် ဖွဲ့စည်းသည့်အခါ ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဟု မိမိပြောခဲ့ခြင်းရှိကြောင်း၊ ယင်းနှင့်ပတ်သက်၍ အကျိုးဝင်သောအကြောင်းအရာများ ရှိနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလောလောဆယ် အကျိုးဝင်သည်မှာ ပြည်သူ့စစ်ဖြစ်ကြောင်း၊ ပြည်သူ့စစ်နှင့်ပတ်သက်၍ မိမိတို့အားစိုက်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုံခြုံမှုရှိရန်လည်း ပိုမိုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဝန်ထမ်းများ ခြိမ်းခြောက်ခံရခြင်းနှင့်ပတ်သက်၍ မိမိတို့သတင်းကြားနေရခြင်းများလည်းရှိကြောင်း၊ ဖရဲသီးဟုခေါ်သည့် တချို့ဝန်ထမ်းများသည် ဌာနထဲနေပြီး တခြားဝန်ထမ်းများကို စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်နေသည်ကို သိရကြောင်း၊ မိမိတို့ထံနှင့် သက်ဆိုင်ရာဌာနများကို တိုင်ကြားမှုများ၊ သက်သေအထောက်အထားများနှင့် ရောက်နေသည်များလည်း ရှိကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ ဝန်ထမ်းများအနေဖြင့် အခြေခံကိစ္စသည် လွတ်လပ်စွာမဲပေးပိုင်ခွင့်ရပြီးဖြစ်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟုပါပြီးဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို မည်သူ့ကို ထောက်ခံပါ၊ မည်သူ့ကိုမထောက်ခံပါနှင့်ဟု မိမိတို့ပြောခွင့်လည်း မရှိကြောင်း၊ လူတစ်ယောက်၏ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား၊ မိမိဝန်ကြီးဌာန၏ အုပ်ချုပ်ရေးယန္တရားကို ပျက်ပြားအောင် နှောင့်ယှက်နေလျှင် ထိုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း၊ ထိုဝန်ထမ်းများကြောင့် စိတ်ပျက်နေရသည့် ဝန်ထမ်းများလည်းရှိကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရလျှင် နေပြည်တော်အသိုင်းအဝိုင်းတွင်ပင်ရှိကြောင်း၊ တချို့ဝန်ကြီးဌာနများတွင် ရှိကြောင်း၊ ယင်းနှင့်ပတ်သက်၍ ဆင်ခြင်ကြရန် မိမိပြောလိုကြောင်း၊ ထိုအရာများသည် ကောင်းမွန်သည့် အကျင့်စရိုက်များ မဟုတ်ကြောင်း။

မည်သည့်အစိုးရတက်တက်၊ မည်သည့်ပါတီတက်တက် ဝန်ထမ်းများသည် ဝန်ထမ်းသာဖြစ်ကြောင်း၊ မိမိတို့သည်လည်း စစ်သားသာဖြစ်ကြောင်း၊ တပ်မတော်နှင့်ပတ်သက်၍ Professional တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ အခြေခံဥပဒေအရ တပ်မတော်သည် နိုင်ငံတော်၏အမျိုးနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ရမည်ဆို၍ ယခုတာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနိုင်ငံတော်တာဝန်ယူနေရသည့်အတွက် နိုင်ငံတော်တာဝန်များကို မိမိတို့တစ်ဖက်တစ်လမ်းက ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Professional ပီသစေလိုကြောင်း၊ မိမိပြောခဲ့သလို ထိုသို့သော ဝန်ထမ်းများပါနေခြင်းကြောင့် တချို့ပြဿနာများရှိနေခြင်းဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ အတိုချုံးပြောရလျှင် နံပါတ်(၁)အနေဖြင့် ဝန်ထမ်းများသည် ဝန်ထမ်းအတိုင်းပီသခြင်းသည် ကောင်းပါကြောင်း၊ Professional ပီသစေလိုကြောင်း၊ နံပါတ်(၂)အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် အသိအမှတ်ပြုရန်၊ ချီးမြှောက်ပေးရန်လုပ်နေသည်များ ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း သင့်တော်သည့်အချိန်များတွင် ဆောင်ရွက်ပေးမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပြတ်ပြတ်သားသား ဆုံးဖြတ်**

**တဲ့ပြောအွန်လိုင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်**က ဗိုလ်ချုပ်ပြောခဲ့သည့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်နေသည်ကို မိမိလက်ခံပါကြောင်း၊ ယခုမိမိတို့ ကရင်ပြည်နယ်မှာဆိုလျှင် နိုင်ငံခြားသားများပါသည့် အဖွဲ့အစည်းများကို မိမိတွင် အထောက်အထားအဖြစ် ဗီဒီယိုဖိုင်လည်းရှိကြောင်း၊ ၎င်းတို့ကို ယခုလိုပဲ ညင်သာစွာဖြင့် ကိုင်တွယ်နေမည်ဆိုလျှင် မိမိတို့နိုင်ငံသည် ပျက်သုဉ်းရန်သေချာနေပြီဖြစ်ကြောင်း၊ ယင်းကို လက်ရှိအစိုးရအနေဖြင့် ပြတ်ပြတ်သားသားမည်သို့ဆုံးဖြတ်မည်ကို သိလိုကြောင်းနှင့် ယခုမိမိတို့ ကရင်ပြည်နယ်၌ ရှေ့ရက်ပိုင်းက PDF၊ KNDO နှင့် DKBA မှ ဗိုလ်စလုံး အဖွဲ့ပေါင်းခဲ့ပါကြောင်း၊ အင်အားက တန်းစီထားသည်မှာ ငါးယောက်တန်း တန်း ၂၀ နှင့် အယောက် ၁၀၀ သာရှိပြီး ခေတ်သစ်မီဒီယာမှ ဖော်ပြခဲ့သည်မှာ အင်အား ၂၀၀ ကျော်ပြခဲ့ကြောင်း၊ မိမိတွင် ဗီဒီယိုရှိပါကြောင်း၊ ထိုအထဲတွင် နိုင်ငံခြားသားများကို မိမိတွေ့ရကြောင်း၊ အမျိုးသမီးခြောက်ယောက် တွေ့ရကြောင်း၊ နိုင်ငံခြားသားတော်တော်များသည် ထိုနေရာတွင် စစ်သင်တန်းလာပေးနေသည်ကို မှတ်တမ်းများရှိကြောင်း၊ မိမိတို့ ပြည်တွင်းရေးတွင် ယခုကဲ့သို့ နိုင်ငံခြားသားများ ပါဝင်လာခြင်းကို လက်ရှိဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကိုယ့်နိုင်ငံသားအချင်းချင်းဆိုပြီး ငြိမ်းချမ်းရေးနှစ်ဟုဆို၍ လက်ကိုင်ဆွဲပြီး ရင်ဝယ်သားကဲ့သို့ လုပ်နေသည့်အပေါ်တွင် ထိုသို့နိုင်ငံခြားသားများ လုပ်နေသည်ကို မိမိသည် မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် လက်မခံနိုင်ကြောင်း၊ ထို့ကြောင့် ပြတ်ပြတ်သားသားမည်သို့လုပ်မည်လဲ၊ ယခုကဲ့သို့ ညင်ညင်သာသာလေး ကိုင်နေမည်ဆိုလျှင် ပို၍ဆိုးရွားလာမည်ဖြစ်ကြောင်း၊ သူခိုးလွှန်လျှင် ဓားပြဖြစ်လာမည်၊ ဓားပြလွန်လျှင် သူပုန်ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်၌ မည်သို့ပြတ်ပြတ်သားသားကိုင်တွယ်မည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားသည့် အဖွဲ့များရှိကြောင်း၊ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားသည့်အဖွဲ့များအထဲတွင် မပါသည်ကို သတင်းထောက်ကြီး တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆိုလျှင် မိမိတို့ မည်သို့ဆက်လုပ်မည်ဆိုသည်ကို သတင်းထောက်ကြီး သိပြီးလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Trend မီဒီယာမှ အယ်ဒီတာချုပ်ကိုဝဏ္ဏ**က နိုင်ငံသားအဖြစ်က ပယ်ဖျက်ထားသည့် ပန်ဆယ်လိုနှင့် ပန်ဆယ်လိုကဲ့သို့ အိမ်များကိုချိတ်ပိတ်ခံထားရသူများရှိကြောင်း၊ ထိုကဲ့သို့ အိမ်များကိုချိတ်ပိတ်ခံထားရသူများသည် နိုင်ငံအတွင်းကိုပြန်လာရန်ဆိုသည်မှာ မည်သို့မျှမဖြစ်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် ထိုအိမ်များကို ဘဏ္ဍာငွေရရှိရန် လေလံပစ်မည့်အစီအစဉ် ရှိ၊ မရှိ ရှိလျှင်လည်း မည်သည့်အချိန်တွင် ပြုလုပ်မည်ကို သိလိုကြောင်း မေးမြန်းသည်။




**နိုင်ငံတော်ဘဏ္ဍာအဖြစ် ဆောင်ရွက်ရမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ပြောပြီးဖြစ်ကြောင်း၊ တရားရုံး၏ လုပ်ထုံးလုပ်နည်းများရှိကြောင်း၊ လုပ်ထုံးလုပ်နည်းများပြီးလျှင် နိုင်ငံတော်ဘဏ္ဍာအဖြစ် မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် ထုခွဲရောင်းချခြင်းများ၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် လေလံတင်ခြင်းများ မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မည်သည့်အတိုင်းအတာနှင့် မည်မျှလောက်ကြာမည်ကို မိမိတို့မှန်းရခက်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိပြောခဲ့သည့် တရားရုံးကို သက်သေအဖြစ်တင်ခြင်းများ၊ သိမ်းဆည်းခြင်းများ၊ ၅၀၅ နှင့်သိမ်းဆည်းထားခြင်းများ၊ အကြမ်းဖက်မှုနှင့် သိမ်းဆည်းထားသည်များ ပါမည်ဖြစ်ကြောင်း၊ အချိန်ကာလချင်းတူနိုင်မည် မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံမှ အယ်ဒီတာဦးမင်းဂေါင်**က ဗိုလ်ချုပ်သတင်းစာရှင်းလင်းပွဲ စတင်စဉ်က မီဒီယာများကို မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ တင်ပြလိုကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် မရှေးမရှုဘဲ ငါ့ပါတီ၊ ငါ့အဖွဲ့၊ ငါ့ပုဂ္ဂိုလ် ငါ့အကျိုးအတွက်ဟုဆိုပြီး ဆောင်ရွက်၍သာ ယခုကဲ့သို့ဖြစ်နေသည်ဟု မိမိတို့အဖွဲ့အနေဖြင့် ရှုမြင်ကြောင်း ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံ၌ တောင်သူလယ်သမားများ အကျိုးမြှင့်တင်ရန်နှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန်ဆိုရာတွင် ယင်းဥပဒေက တောင်သူလယ်သမားများ၏ နစ်နာမှုနှင့် အကျိုးစီးပွားအတွက် မိမိတင်ပြလိုသည့် All round အနေဖြင့် တစ်ဆက်တည်း မေးမြန်းလိုကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် တောင်သူလယ်သမားများ၏ မူလပိုင်ရှင်အခွင့်အရေးနှင့် တောင်သူများကို တရားစွဲဆိုရန်ဆိုလျှင် လယ်ယာမြေစီမံခန့်ခွဲမှုနည်းလမ်းနှင့်မသက်ဆိုင်သော အမွေမှုမှလွဲပြီး ကျန်သည့်အမှုများကို တရားရုံးများတွင် တရားစွဲဆိုခွင့်မရှိကြောင်း၊ သို့သော် ယင်းကိစ္စများနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးရွာတစ်ရွာရှိ ကုမ္ပဏီတစ်ခုက တောင်သူဦးကြီးများ မူလလုပ်ပိုင်ခွင့်မှ ကျော်လွန်ပြီး ၎င်းတို့သတ်မှတ်သည့် ငါးကန်များကို ဇကထောင်ချီတူးဖော်သည့်အပြင် မွေးရေမှုချပေးသည့် ဧက ၂၀၀ ကျော်သာရှိသည်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည့် မူလပိုင်ရှင် တောင်သူဦးကြီး ဦးစောမိုင်းနှင့် ဦးအေးမြင့်တို့ ဦးဆောင်သည့် တောင်သူအဖွဲ့ ၆၀ ဦးအပေါ်တွင် တရားရုံးများကလည်း တရားစွဲခွင့်၊ လုပ်ပိုင်ခွင့်ကို မည်သို့ရလာသည်ကို သေချာစိစစ်ခြင်းမရှိဘဲ တရားစွဲမှုလက်ခံပြီး ကိုဗစ်ကာလ စီးပွားရေးကျပ်တည်းနေသည့်ကာလတွင် တောင်သူဦးကြီးများ ခံနေရသည်ရှိကြောင်း။

လယ်ယာမြေဥပဒေတွင် အမွေမှုမှလွဲပြီး မူလပိုင်ရှင်နှင့် ဆက်စပ်သည့် အခွင့်အရေးပေးထားသကဲ့သို့ တောင်သူများကို နစ်နာအောင် တောင်သူခေါင်းဆောင်များအပါအဝင် တောင်သူအများစုကို ရည်ရွယ်ချက်ရှိရှိဖြင့် တရားစွဲဆိုနေသည်များကို သက်ဆိုင်ရာ ဥပဒေပါအတိုင်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ စနစ်တကျစိစစ်ပြီး စစ်ဆေးပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိနှင့် တရားရုံးများတွင်လည်း တောင်သူများကို တရားစွဲနေသည့်အမှုများကို သက်ဆိုင်ရာအဖွဲ့များကို လယ်ယာမြေဥပဒေ စည်းကမ်းညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် တင်ပြထားပြီးကြောင်း၊ ကိုဗစ်ကာလတွင် တောင်သူများ အခက်အခဲအကျပ်အတည်း စီးပွားရေးပျက်ကပ် အနေအထားတွင် ဌာနဆိုင်ရာများမှ နိုင်ငံတော်အကျိုးဟုဆိုကာ သိမ်းထားပြီး ဆောင်ရွက်နေသော်လည်း မြေပြင်အခြေအနေတွင် တကယ်စိုက်ပျိုးထားခြင်း မရှိကြောင်း၊ ယခုကဲ့သို့ စီးပွားပျက်ကာလတွင် တောင်သူများ၏ မိသားစုစီးပွားရေးသာမက နိုင်ငံ၏ ကုန်ထုတ်စီးပွားပါ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် မေးမြန်းခြင်းဖြစ်ကြောင်း မေးမြန်းသည်။

ယင်းကိစ္စကို ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းထောက်ကြီးမေးခဲ့သည့်အချက်အလက်များအတိုင်း ဆက်လက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးများကို အသိပေးမည်၊ သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးပေးမည်ဖြစ်ကြောင်း အချိန်ကိုင်ကွက်သောအားဖြင့် တချို့မေးခွန်းများကို အသေးစိတ်ဖြေစေလိုလျှင် ကြိုတင်မေးခွန်းပေးရန်လိုအပ်ကြောင်း၊ သို့မှသာ အသေးစိတ်ဖြေကြားပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရနေဖြင့် ပြည်သူလူထုကို အလေးထားကြောင်း၊ သတင်းစာရှင်းလင်းပွဲ၌ မေးမြန်းသော တချို့မေးခွန်းများသည် တစ်စုံတစ်ဦးက နစ်နာပါသည်ဟု လာရောက်တင်ပြခြင်းများလည်း ရှိကြောင်း၊ သတင်းထောက်ကြီးတို့ပြောသည့် နစ်နာသည်ဆိုသည့်လူများသည် ဦးဖြူဖြစ်စေ၊ မောင်မဲဖြစ်စေ၊ တစ်ဖက်တွင်ရှိသော မောင်ညိုနှင့် မောင်လုံးတို့၏ နစ်နာမှုကို မိမိတို့မသိနိုင်ကြောင်း၊ ထို့ကြောင့် သတင်းစာရှင်းလင်းပွဲတွင် ယင်းကိုအခွင့်အရေးတစ်ရပ်ဟုယူဆပြီး တစ်ဖက်သားစွပ်စွဲခြင်းသည် မသင့်တော်ပါကြောင်း၊ သတင်းထောက်ကြီးတို့ပြောနေသည့် တောင်သူလယ်သမားအကျိုးစီးပွား၊ ပြည်သူလူထုအကျိုးစီးပွားကို မိမိတို့အလေးအနက်ထားပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မကြာခဏပြောပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးကို လုပ်ကိုင်ကြကြောင်း၊ နိုင်ငံ၏အခြေခံစီးပွားရေးသည် စိုက်ပျိုးမွေးမြူရေးဖြစ်ကြောင်း၊ ထို့ကြောင့် အလေးပေးရမည်ဟု ပြောပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၃ သန်းနီးပါး ရှိလာ



ဝါရှင်တန် မေ ၄

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူကလေးငယ်ပေါင်း ၁၃ သန်းနီးပါး ရှိပြီဖြစ်ကြောင်း အမေရိကန် ကလေးဆေးရုံအသင်းက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါကူးစက်ခံရသည့် ကလေးငယ်များအနက် ၁၄၉၀၀၀ သည် လွန်ခဲ့သော ရက်သတ္တလေးပတ်ကာလအတွင်း ရောဂါကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ရောဂါကူးစက်ခံရသည့် ကလေးငယ်ပေါင်း ငါးသန်းကျော်ရှိခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူအားလုံး၏ ၁၉ ရာခိုင်နှုန်းသည် ကလေးငယ်များဖြစ်ကြောင်း သိရသည်။

ဧပြီလနှောင်းပိုင်းတွင် ကလေးငယ် ၅၃၀၀၀ ကျော် ရောဂါကူးစက်ခံရပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သော သီတင်းနှစ်ပတ်အကြာက ကူးစက်ခံရသူအရေအတွက်ထက် ၆၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဧပြီလ ဒုတိယပတ်မှ ဧပြီလကုန်အထိ ရက်သတ္တ သုံးပတ်ဆက်တိုက် ကလေးငယ်ကူးစက်မှုနှုန်း မြင့်တက်လာကြောင်း အမေရိကန် ကလေးဆေးရုံများအသင်းမှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်




# ကွမ်တက်စ်လေကြောင်းလိုင်းမှ ပျံသန်းချိန် အကြာမြင့်ဆုံး လေကြောင်းခရီးစဉ် ပြေးဆွဲမည်

ဆစ်ဒနီ မေ ၄

ဩစတြေးလျနိုင်ငံမှ ကွမ်တက်စ်လေကြောင်းလိုင်းသည် ပျံသန်းချိန် အကြာရှည်ဆုံးဖြစ်လာမည့် ဆစ်ဒနီမှ လန်ဒန် လေကြောင်းခရီးစဉ်ကို ၂၀၂၅ ခုနှစ်တွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ပျံသန်းချိန် နာရီ ၂၀ ကြာမြင့်မည်**

အဆိုပါလေကြောင်းခရီးစဉ်သည် ပျံသန်းချိန် နာရီ ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် နှောင်းပိုင်းကာလတွင်လည်း ကွမ်တက်စ်လေကြောင်းလိုင်းသည် ဆစ်ဒနီမှ နယူးယောက်သို့ လေကြောင်းခရီးစဉ်တစ်ခုကို ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ကွမ်တက်စ်လေကြောင်းလိုင်းသည် အဆိုပါလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ရန်အတွက် အဲယားဘတ်စ် အေ ၃၅၀-၁၀၀၀ အမျိုးအစားလေယာဉ်များကိုလည်း သက်ဆိုင်ရာကုမ္ပဏီမှ မှာယူလျက်ရှိသည်။ အဆိုပါလေယာဉ်များသည် ခရီးသည်ထိုင်ခုံနေရာများ ကျယ်ဝန်းပြီး ခရီးသည်များအတွက် သက်သောင့်သက်သာရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# ဩစတြေးလျနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း မျိုးစိတ်သစ်သုံးမျိုး ထပ်မံတွေ့ရှိ

ဆစ်ဒနီ မေ ၄

ဩစတြေးလျနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် မျိုးစိတ်သစ်သုံးမျိုးကို ထပ်မံတွေ့ရှိရကြောင်း သုတေသီများက ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါထပ်မံတွေ့ရှိရသည့် BA.2.12.1, BA.4 နှင့် BA.5 ဟုအမည်ရသည့် ဗီဇပြောင်းဗိုင်းရပ်များ၏ ရောဂါကူးစက်နိုင်ခြေနှင့်ပတ်သက်၍ အသေးစိတ်လေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ယခုနိုင်ငံအတွင်းတွေ့ရှိနေရသည့် ဗီဇပြောင်းဗိုင်းရပ်စ်များသည် ဒယ်လ်တာနှင့် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်တို့ကဲ့သို့ ရောဂါကူးစက်ခံရသူအရေအတွက် အများအပြားမတွေ့ရှိရသော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထပ်မံဖြစ်လာနိုင်သဖြင့် အဆိုပါဗိုင်းရပ်စ်များ၏ မြစ်ဖျားခံရာနေရာအား သတိထားစောင့်ကြည့်သွားရမည်ဖြစ်ကြောင်း နယူးဆောက်ဝေးလ်တက္ကသိုလ်မှ ပါမောက္ခ စတောက်တာဗီလီက ပြောကြားသည်။

ထို့ပြင် အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ခံရပါက ရောဂါမည်မျှ ပြင်းထန်စွာ ခံစားရသည်ကို သိရှိနိုင်ရန်လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နယူးဆောက်ဝေးလ်ပြည်နယ်၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၉၃၉ ဦးအား ထပ်မံတွေ့ရှိရပြီး ဗစ်တိုးရီးယားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၇၇၉ ဦး ထပ်မံတွေ့ရှိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၀၆၄ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၀၆၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၇၃၉၅၇၉၁ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၄ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၀၇၉ ဦးရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၅၀၆၆၆ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၄၇၇၆၂ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၅ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၄

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၅ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၈၈၁၁၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ရောဂါထပ်မံတွေ့ရှိသူများအနက် ၁၄၁၄ ဦးသည် မြို့တော်နယူးဒေလီမှဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော်အတွင်း ရောဂါကူးစက်ခံရသူပေါင်း ၅၉၈၆ ဦးရှိကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၃၉၂၀ ရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ရှိဆဲလူနာ ၁၉၅၀၉ ဦးရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၀၂ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၅၄၄၆၈၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မြောက်ကိုရီးယားနိုင်ငံက ဂျပန်ပင်လယ်အတွင်းသို့ဦးတည်ကာ ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ဟု တောင်ကိုရီးယားပြောကြား

ဆိုးလ် မေ ၄

မြောက်ကိုရီးယားနိုင်ငံသည် ဂျပန်ပင်လယ်အတွင်းသို့ ဦးတည်ကာ ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်ကို ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ပြောကြား**

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ ပဲ့ထိန်းဒုံးကျည်အား မေ ၄ ရက် မွန်းလွဲပိုင်းတွင် ပြုံယမ်း၏ ဆင်ခြေဖုံးဒေသဖြစ်သည့် ဆူနန်ဒေသဝန်းကျင်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီလနှင့် မတ်လအတွင်းကလည်း ICBM အမျိုးအစားပဲ့ထိန်းဒုံးကျည်များကို ဆူနန်ဒေသမှ ပစ်လွှတ်ခဲ့ကြောင်းနှင့် ယခုနှစ်အတွင်း လတိုင်းဆိုသလို ပဲ့ထိန်းဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်းလည်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားပြည်သူ့တော်လှန်ရေးတပ်မတော် တည်ထောင်သည့် နှစ် ၉၀ ပြည့်အထိမ်းအမှတ်အဖြစ် ဧပြီ ၂၅ ရက်က စစ်ရေးပြအခမ်းအနားကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် Hwasong-17 တိုက်ချင်းပစ်ဒုံးကျည်အပါအဝင် လက်နက်အများအပြားကို ပြသခဲ့ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်



## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ် တန် ၁၄၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် မေ ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်မှ မေ ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၄ ဒသမ ၈၉၆၂ တန်၊ သစ်မာ ၂၁ ဒသမ ၇၁၆၄ တန်၊ အခြား ၁၀၀ ဒသမ ၉၇၈၄ တန် စုစုပေါင်း ၁၄၇ ဒသမ ၅၉၁၀ တန်၊ တရားခံ ၂၃ ဦး၊ ယာဉ်/ ယန္တရား ၁၀ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ကမ္ဘာ့ကြက်ခြေနီနေ့

World Red Cross Day

# ကြင်နာစိတ်ထား ကြက်ခြေနီများ

လူတိုင်းအပေါ် ကူညီသွား

#Be Human KIND

၂၀၂၂ ခုနှစ်၊ မေလ(၈)ရက်။

## တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါးများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ခြောက်ဘီးကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်တင်ဆောင်လာသော M-150 အချိုရည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၂၅၀၀၀)ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ် ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၅၅၀၀) ကိုလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၄၀၅၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်အတွင်း တရားမဝင် ရေနံစိမ်းဂါလန် ၁၃၅၀၀ ခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၅၀၀၀၀) နှင့် အဆိုပါ ရေနံစိမ်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၇၅၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၃၈၆၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၉၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့နယ်အတွင်း သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းတံခါးချပ် ၁ ဒသမ ၄၈၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၉၄၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၄၆၉၄၀** ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၇၄၅၃၄၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ရောဝတီတံတား( မကွေး )ရေလမ်း ပြောင်းလဲသတ်မှတ်

နေပြည်တော် မေ ၄

ရောဝတီတံတား( မကွေး )ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၇)နှင့် (၁၈)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၆) နှင့် (၁၇)အကြားမှလည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မေ ၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၇)နှင့် (၁၈) အကြား ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်းတိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၅-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၀ NRC အစီအစဉ်
၀၉:၅၀ Road to 31st SEA Games Vietnam (Boxing)
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၅ ပြည်သူများယုံကြည်အားကိုးရမည့်မီးသတ်တပ်ဖွဲ့ဝင်များ၏စွမ်းဆောင်ရည်မြှင့်တင်လေ့ကျင့်နေမှုများ
၁၃:၃၀ MRTV National News
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း ‘ဒီမိုကရေစီစိတ်ထား’
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်’ (အပိုင်း-၂၀)
၂၂:၃၅ (၇၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအငြိမ့် ‘ပြည်တော်အေးငြိမ်းအငြိမ့်’

**mitv**

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:11 Secret Recipes by Gourmet Chefs (India)
07:42 Ecotourism: The Famous Zalon Mountain
07:56 Moe La Win's Piano Melody 2 (Sonata by Mozart)
08:00 Discovering Tribes: Kanan their life and customs (Part-I)
08:34 Insight Myanmar: Manuscription (Epi-1) Palm-leaf Manuscripts & Parabaiks
09:01 News
09:27 Sagaing: Guitars
09:36 Sayit-wyne Girls
10:02 Wet Markets in Yangon: Shwe Pa Dauk Fish Market
10:10 Myanmar Cultural Identities (Hintha or Hamsa)
10:35 Let's taste "Sabuti"

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ထူးကဲအရသာကော်သူလေးဟင်းလျာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နှလုံးသားထဲကထာဝရရိဒ်ရေကန်

**ချင်း (ဖျီး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၄)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မုပွန်အိုးလုပ်ငန်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးတုတ်ချက်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သာယာလှပတဲ့နမ့်ပေးရေတံခွန်ဆီသို့

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
အသီးအရွက်စားပါ

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**ဝကကကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘ဖြူဝင်သောစိတ်ထား’
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ သုံးသီးစားတဲ့တို့ယာမြေ
၀၆:၄၅ နှင်းဆီစိုက်ပျိုးခြင်းနှင့် ဈေးကွက်အခြေအနေ
၀၇:၁၅ ကြယ်ပဲစိုက်ပျိုးဝင်ငွေတိုး
၀၈:၁၅ သာယာလှပဒို့တောင်သူဘဝ စုံအောင်စိုက်ပျိုး ဝင်ငွေတိုး
၀၉:၂၅ အနာဂတ်လှသောပိန်းဥ
၀၉:၅၀ တိရစ္ဆာန်စာမှုလုံးဖို့စားကျက်သိန်းစိုက်ကြစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ်တနင်္ဂနွေမှအပ နံနက်(၁၁:၀၀)နာရီမှည(၁၁:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မိုးဖုန်းကျေးရွာနေ ရန်နိုင်သည် ၎င်းအသုံးပြုသည့် “Yann Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မုဒုကျေးရွာနေ မုဒုအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ သဇင်ခိုင်နှင့် တစ်ရွာတည်းနေ ကျော်မင်းထွန်းတို့သည် ၎င်းတို့အသုံးပြုသည့် “Thazin Khaing” Facebook အကောင့်နှင့် “Kyaw Min Htun” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက် (၈)လမ်းနေ ဝင်းလှိုင်(ခ)ဦးညိုသည် ၎င်းအသုံးပြုသည့် “U Nyo” Facebook အကောင့်၊ ဇလွန်မြို့နယ်၊ ခနိုင်ကုန်းကျေးရွာနေ အုန်းသန်းသည် ၎င်းအသုံးပြုသည့် “Ohm Than” Facebook အကောင့်၊ ဇလွန်မြို့နယ် ငြိမ်းအေးစုကျေးရွာနေ အုန်းမြနှင့် နိုင်ဝင်းသိန်းတို့သည် ၎င်းတို့အသုံးပြုသည့် “Ohm Mya” Facebook အကောင့်နှင့် “Naing Win Thein” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ယာယီတိုက်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင် ပြည်သူများကို ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

နေပြည်တော် မေ ၄

ချင်းပြည်နယ် ပလက်ဝမြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ယာယီနေထိုင်၍ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်ကြမည့် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုများကို ချင်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် နေအိမ်အသစ်ဆောက်လုပ်ရန်နှင့် နေအိမ်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ဧပြီ ၃၀ ရက်တွင် ပလက်ဝမြို့ ကီမိုခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာတွင် တာဝန်ရှိသူများက တန်းဆိပ်ကျေးရွာ၊ အောက်မီးလဝကျေးရွာ၊ ပလက်ချောင်းဝကျေးရွာ၊ ရီးမဝကျေးရွာနှင့် တုံးမဝကျေးရွာများမှ အိမ်ထောင်စု ၄၄ စုအတွက် တန်ဖိုးနည်း အိမ်ရာများကိုလည်းကောင်း၊ အိမ်ထောင်စု ၈၇ စုအတွက် နေအိမ်အသစ် ဆောက်လုပ်ရန်နှင့် နေအိမ်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ အိမ်ထောင်စု တစ်စုစီအတွက် ICRC မှ ထောက်ပံ့ပစ္စည်း ခုနစ်မျိုးကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၁၆၉ စုသည် မေ ၂ ရက်တွင် ၎င်းတို့၏ နေရပ်အသီးသီးသို့ ပလက်ဝမြို့မှ စက်လှေများဖြင့် ထွက်ခွာကြရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုဝင်များ၏ အသုံးအဆောင်ပစ္စည်းများကို စက်လှေများပေါ်သို့ သယ်ယူရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပို့ကုန်/သွင်းကုန် တိုးမြှင့်တင်ပို့နိုင်ရန် ကုန်သေတ္တာတင် သင်္ဘော ၅၄ စင်း ပြေးဆွဲသွားမည်

ရန်ကုန် မေ ၄

ပြည်တွင်းမှ ပို့ကုန်နှင့် ပြည်ပသွင်းကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ကုန်သေတ္တာတင် သင်္ဘောလိုင်းများအနေဖြင့် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိရာ ယခုလတွင် ကုန်သေတ္တာတင် သင်္ဘော ၅၄ စင်းပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

မေလတွင် သင်္ဘောလိုင်း ၁၂ လိုင်းမှ ကုန်သေတ္တာသင်္ဘော ၅၄ စင်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်စီမံဆောင်ရွက်မှုနှင့် ကုန်သေတ္တာဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများနှင့် သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကုန်သေတ္တာတင် သင်္ဘောများအား Turnaround Time ပျမ်းမျှ ၃ ရက်ခန့်ဖြင့် ဝန်ဆောင်မှုများပေးနိုင်ခဲ့ရာ သင်္ဘောဝင်ရောက်မှုနှင့် ကုန်ကိုင်တွယ်မှု ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ပြည်ပမှ မှာယူတင်သွင်းသော ကုန်သေတ္တာများ အမြန်ဆုံးဆိပ်ကမ်းမှ ထုတ်ပေးနိုင်ရန်၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်းလည်ပတ်နိုင်စေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းတံတားများမှ ဝန်ဆောင်မှု ပေးလျက်ရှိရာ ယခုလတွင် Sealand Maersk Asia လိုင်းမှ ၁၃ စင်း၊ Sitc Line လိုင်းမှခုနစ်စင်း၊ New Golden Sea(Cosco)လိုင်းမှ ငါးစင်း၊ Samudera Line လိုင်းမှ ငါးစင်း I.A.L Line လိုင်းမှလေးစင်း၊ C.S.L လိုင်းမှသုံးစင်း Ever Green လိုင်းမှ သုံးစင်း၊ Golden Star Line လိုင်းမှ သုံးစင်း၊ Mfsl Line လိုင်းမှ သုံးစင်း၊ P.I.L Line လိုင်းမှ သုံးစင်း၊ Land and Sea လိုင်းမှ နှစ်စင်းနှင့် R.C.L Line လိုင်းမှ သုံးစင်းတို့ဖြင့် ပို့ကုန်/သွင်းကုန်များ တိုးမြှင့်နိုင်ရန် ကုန်သေတ္တာတင် သင်္ဘော ၅၄ စင်းအား ပြေးဆွဲဆိုက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**




## ငပုတောမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

ငပုတော မေ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်စိုက်ပျိုးပွဲ (ကွင်းသရုပ်ပြပွဲ) အခမ်းအနားကို ယနေ့နံနက် ၈ နာရီက သက်ကယ်ချောင်းကျေးရွာ တောင်သူ ဦးလှဝင်း၏ လယ်မြေတွင် ကျင်းပသည်။

ရေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းစိုး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို တောင်သူဦးလှဝင်း၏ လယ်မြေ ၅ ဒသမ ဝဝ ဧကတွင် တစ်ဧကလျှင် လေးပြည်နှုန်းဖြင့် ပြည် ၂၀ အား စုပေါင်းကြဲပက်စိုက်ပျိုးခဲ့ကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိန်သန်းက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားပြီး အီးအမ်ဘိုကာရှိမြေဩဇာ ပြုလုပ်မှုအား သရုပ်ပြဆောင်ရွက်ခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းစိုးနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများ၏ကိုယ်စား တောင်သူသုံးဦးထံသို့ (ပိုက်ဆံလျှော်) မျိုးစေ့ ၁၀ အိတ်အား ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၀ | ၂၁၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၁၁၅ | ၂၁၂၀ | ၂၁၂၀ | ၂၃၄၀ | ၂၄၀၅ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၀၀ | ၂၇၂၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၆၀ | ၂၇၂၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၇၅၅ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၇၅၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၆ | ၂၀၀၈ |
| 95 Ron | ၁၉၉၄ | ၂၀၆၈ |
| HSD (500 ppm) | ၂၂၄၉ | ၂၃၂၄ |
| HSD (50 ppm) | ၂၂၇၇ | ၂၃၅၂ |
| HSD (10 ppm) | ၂၂၇၇ | ၂၃၅၂ |

**မှတ်ချက်။**
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် တောင်ကြီးပညာရေးဒီဂရီကောလိပ်ကျောင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး မေ ၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့နယ် အေးသာယာရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)အား သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မေ ၁၂ ရက်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးဒီဂရီကောလိပ်များ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် နည်းပညာတက္ကသိုလ်(တောင်ကြီး)ရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စာကြည့်တိုက်ခန်းမများ ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နည်းပညာတက္ကသိုလ်(တောင်ကြီး)အတွက် ကျောင်းရန်ပုံငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့(B.Ed) စာပေးစာယူသင်တန်း (ပထမနှစ်) (ပထမအသုတ်)သင်တန်း တက်ရောက်နေမှုနှင့် လေးနှစ်သင်(ပထမနှစ်)(ဒုတိယနှစ်ဝက်)နှင့် (ပထမနှစ်ဝက်)သင်တန်း ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် စားရိပ်သာများ ကြိုတင်ပြင်ဆင်ထားရှိမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးပညာရေးဒီဂရီကောလိပ်ကျောင်းအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက လက်ခံရယူကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## မန္တလေးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲစာဖြေလွှာများစစ်ဆေးပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာဖြေလွှာများ စစ်ဆေးပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာတို့မှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားအား မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က စာမေးပွဲစာဖြေလွှာများ စစ်ဆေးရာတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမ ပညာရေးဝန်ထမ်း ၂၀၄၉ ဦးအတွက် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပြီးနောက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသော ဆရာ ဆရာမများက ပြန်လည်ကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ပြီး ဆရာ ဆရာမများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၄ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၃၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၈၉,၆၀၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၂,၉၅၁) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၈၉၄) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၀,၇၈၂,၄၄၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၇,၁၀၉,၈၇၈) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၃,၆၇၂,၅၆၄) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၄၉၄,၂၃၄) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၃-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၅၅,၉၄၉,၂၄၀) ကြိမ်ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၇၂) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၁) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၅၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၇၆၀) ခု | (၁၄) ဦး |
| **စုစုပေါင်း** | **(၁၁,၃၄၄) ခု** | **(၂၇) ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၃-၅-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၁၀၉,၈၇၈) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၃,၆၇၂,၅၆၄) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၄၉၄,၂၃၄) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၀,၇၈၂,၄၄၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၅,၉၄၉,၂၄၀) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၂၄၀၁၀၁ | ၈၀၇၉၅၄၁၆ | ၁၀၂၁၅၈၁ |
| ၂။ | အိန္ဒိယ | ၄၃၀၈၈၄၀၁ | ၄၂၅၄၄၆၈၉ | ၅၂၃၉၂၀ |
| ၃။ | ဘရာဇီး | ၃၀၄၈၂၄၂၉ | ၂၉၅၈၅၃၀၄ | ၆၆၃၇၆၅ |
| ၄။ | ပြင်သစ် | ၂၈၇၅၇၇၆၅ | ၂၇၁၆၃၇၉၃ | ၁၄၆၂၆၂ |
| ၅။ | ဂျာမနီ | ၂၄၉၄၉၄၀၃ | ၂၂၈၄၁၃၀၀ | ၁၃၆၁၈၃ |
| ၆။ | ဗြိတိန် | ၂၂၀၇၃၈၅၈ | ၂၁၃၅၇၄၄၇ | ၁၇၅၃၁၉ |
| ၇။ | ရုရှား | ၁၈၂၀၆၁၆၇ | ၁၇၅၆၉၉၃၆ | ၃၇၆၄၂၁ |
| ၈။ | တောင်ကိုရီးယား | ၁၇၃၉၅၇၉၁ | စိစစ်ဆဲ | ၂၃၀၇၉ |
| ၉။ | အီတလီ | ၁၆၅၈၆၂၆၈ | ၁၅၂၂၄၁၉ | ၁၆၃၈၈၉ |
| ၁၀။ | တူရကီ | ၁၅၀၃၆၁၁၀ | ၁၄၉၃၂၈၄၄ | ၉၈၈၀၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၆၂၄၄၆ | ၉၃၀၉၃၃၆ | ၄၃၀၄၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၇၃၁၅ | ၅၈၈၄၀၅၉ | ၁၅၆၃၀၅ |
| ၃။ | မလေးရှား | ၄၄၅၁၇၈၁ | ၄၃၈၄၃၈၄ | ၃၅၅၆၄ |
| ၄။ | ထိုင်း | ၄၂၉၀၈၂၄ | ၄၁၅၃၃၁၀ | ၂၈၈၆၃ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၆၃၇၅ | ၃၆၂၁၂၄၄ | ၆၀၄၃၉ |
| ၆။ | စင်ကာပူ | ၁၂၀၂၅၄၆ | ၁၁၄၀၅၃၁ | ၁၃၃၈ |
| ၇။ | မြန်မာ | ၆၁၂၉၅၁ | ၅၉၁၈၉၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၈၁၁၁ | ၂၀၅၃၇၈ | ၇၄၅ |
| ၉။ | ဘရူနိုင်း | ၁၄၂၁၆၆ | ၁၄၁၄၀၈ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၅၈ | ၁၃၃၁၅၆ | ၃၀၅၆ |

(၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# အသွင်သဏ္ဌာန်နှင့် အနှစ်သာရစွမ်းရည်မြင့်မားလာသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

**မောင်သင်းပျို့**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သောကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံ့ခေါင်းဆောင်များသည် ခေတ်အဆက်ဆက် အဘက်ဘက်မှ ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ကြိုးပမ်းမှုနှင့်အတူ မြန်မာနိုင်ငံသည် တစ်ဆင့်ချင်းပြောင်းလဲတိုးတက်ခဲ့သည်။ ခေတ်မီတိုးတက်မှုနှင့်အညီ မြို့ပြနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးမှုတွင် ခေတ်မီအဆောက်အအုံများနှင့် စက်ရုံများ၏ မီးဘေးအန္တရာယ်ကာကွယ်ရေးသည် အထူးအရေးပါလာလျက်ရှိသည်။ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်တို့တွင် နိုင်ငံနှင့်ပြည်သူတို့အတွက်ဦးစွာရှေ့တန်းမှကာကွယ်ပေးသူတို့မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်သည်။

**မီးသတ်သမိုင်း**

မီးသတ်သမိုင်းသည် သုံးရာစုခန့် ဩဂတ်စတပ်စ် အုပ်ချုပ်စဉ်ကာလထက် ရှေးကျသော ရောမတို့က စတင်ခဲ့သည်ဟုမှတ်သားခဲ့ကြပြီး ယင်းမတိုင်မီ ရှေးအီဂျစ်တို့ကစတင်ခဲ့သည်ဟုလည်း ဆိုကြသည်။ ကမ္ဘာ့ပထမဆုံး ရောမမီးသတ်တပ်ဖွဲ့ကို မားကပ်လီဆီနီယပ်စ်ခရေးဆပ်က ဖွဲ့စည်းခဲ့သည်။ အခကြေးငွေဖြင့် ယင်း၏မီးသတ်တပ်ဖွဲ့ဝင်များ စေလွှတ်၍ မီးငြိမ်းသတ်ခဲ့ခြင်းဖြစ်သည်။ အေဒီ ၆၀ ခန့်တွင် နီရိုအင်ပါယာ၌ ရေပုံးနှင့် ရေစုပ်ပစ္စည်းများကို အသုံးပြု၍ မီးသတ်ရန် ဗီဂိုင်းခ်ဟုခေါ်သော မီးသတ်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့သည် မီးသတ်နှင့် ရဲတပ်ဖွဲ့ကဲ့သို့သော တာဝန်ကိုဆောင်ရွက်ရန် ရောမလမ်းမများတွင် ကင်းစောင့်လှည့်လည်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ မီးလောင်မှုဖြစ်ပွားပါက အနီးဆုံးရေ ရနိုင်သည့်နေရာမှ ရေပုံးများဖြင့်ရေခပ်၍ တစ်ယောက်တစ်လှည့်ဖြင့် မီးငြိမ်းသတ်ခဲ့ကြခြင်း ဖြစ်သည်။ ၁၆၆၆ ခုနှစ်တွင် လန်ဒန်မြို့ ပွတ်ဒင်လမ်းမပေါ်ရှိ သောမတ်ဖာရီနာ၏ မုန့်ဖိုစက်မှ မီးလောင်မှုကြီး ဖြစ်ပွားခဲ့ရာ မီးသတ်သမားများနှင့် မီးငြိမ်းသတ်ရေးအထောက်အကူပြု ပစ္စည်းများ၏ အရေးပါပုံကို သတိပြုမိခဲ့ကြသည်။



မီးလောင်မှုကို ငြိမ်းသတ်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ ဓာတ်ပုံ – သစ္စာ

**စွမ်းဆောင်ရည်ကိုထိန်းသိမ်းထား**

၁၈၂၄ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး မြူနီစီပယ်မီးသတ်ဌာနကို စကော့တလန် အဲ့ဒင်ဘာဂျ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် ဂျိမ်းဘရေ့ဝုဒ်က မီးသတ်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီး လန်ဒန်သို့ ရောက်ရှိလာကာ ၁၈၃၃ ခုနှစ်တွင် လန်ဒန်မီးသတ်ဌာနကို တည်ထောင်ခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များကိုနိုင်ငံ့ခေါင်းဆောင်များက အသိအမှတ်ပြု မှတ်တမ်းတင်မှုများရှိခဲ့ရာ ဒုတိယကမ္ဘာစစ်အတွင်း၌ ဝင်စတန်ချာချီသည် စေတနာ့ဝန်ထမ်းမီးသတ်သမားများကို ‘ညစ်ပေသောမျက်နှာများဖြင့် နတ်သားများ’ (Angels with Grimy faces) ဟု တင်စားခေါ်ဝေါ်ခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်တို့သည် ခေတ်အဆက်ဆက်တွင် အများကောင်းကျိုးကို သယ်ပိုးခဲ့ကြသည့် ကရုဏာနှင့်စွမ်းရည်သတ္တိပြည့်ဝသော လူသားများအဖြစ် အသိအမှတ်ပြုခဲ့ကြပြီး ယနေ့တိုင်ထို စွမ်းဆောင်ရည်ကို ထိန်းသိမ်းထားလျက်ရှိသည်။

**သောသောညံ ပုဂံမီးဆော်မောင်း**

မြန်မာနိုင်ငံတွင် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ပုဂံခေတ် AD-1044 မှစတင်၍ ယနေ့တိုင် နှစ်ပေါင်း ၉၇၀ ကျော် ဆောင်ရွက်ခဲ့ကြောင်း သမိုင်းအထောက်အထားများက ပြသလျက်ရှိသည်။ ပုဂံခေတ်မင်းများတွင် မင်းဆက် ၄၃ ဆက်မြောက်ဖြစ်သော အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇)သည် တိုင်းသူပြည်သားများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် မြန်မာ့မီးသတ်သမိုင်းကို စတင်မှတ်တမ်းတင်နိုင်ခဲ့သည်။ မင်းနေပြည်တော်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးကပ်လုလင် ၆၆၃ ဦးအား ခန့်ထားပြီး နေ့စဉ်မီးကို အချိန်အကန့်အသတ်ဖြင့် အသုံးပြုရန် မောင်းကြေးနင်းခတ်၍ နှိုးဆော်သတိပေးခဲ့သည်။ မင်းနေပြည်တော်၏မီးဘေးကာကွယ်ရေးတွင် ထားရှိသည့် မီးကပ်လုလင်အရေအတွက်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို အစွဲပြု၍ “သောသောညံ ပုဂံမီးဆော်မောင်း” အလင်္ကာဖြင့် မှတ်သားထားခဲ့ကြသည်။

**ကျောသားရင်သားမခွဲခြား**

မြန်မာသက္ကရာဇ် ၇၂၉ ခုနှစ် အင်းဝခေတ်တွင် နန်းတက်သော မင်းကြီးစွာစော်ကဲသည် ပထမဝါဆိုလဆန်း ၅ ရက်နေ့တွင် မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ “မြို့ဝန်၊ မြို့စာရေး၊ ထောင်မှူး၊ ထောင်စာချီတို့မှာလည်း ရွှေနန်းတော်ပတ်လည်အတွင်းပြင် ခိုးသေး၊ မီးသေး၊ မီးပွား၊ ရာဇဝတ်နှင့် စပ်ဆိုင်သည်များကို အရှေ့ငါးတိုင်၊ မြောက်ငါးတိုင်အတွင်းတွင် ခိုးသေး၊ မီးပွားမပေါ်ပေါက်အောင် ကျပ်ကျပ်တည်းတည်း ဟုတ်မှန်တိုင်း စစ်ကြောစီရင်”ဟူ၍ အမိန့်တော်ထုတ်ပြန်ခဲ့သည်။ မင်းကြီးစွာစော်ကဲသည် မီးဘေးသတိနှင့်ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ လိုက်နာရန်နှင့် ဘုရင့်မိသားစုဝင်များ၊ မင်းညီမင်းသားများကို မီးဘေးကာကွယ်ရေးလုပ်ငန်းတို့တွင် ကျောသားရင်သား မခွဲခြားဘဲ လုပ်ဆောင်ပါဝင်စေခဲ့သည်။

**မီးဘေးကာကွယ်ရေးတင်းကျပ်စွာ ဆောင်ရွက်**

ကုန်းဘောင်မင်းဆက်ကိုတည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးလက်ထက်တော်တွင် မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့၌ မီးလောင်မှုနှင့်စပ်လျဉ်းသော အမိန့်တော်တစ်ရပ်အဖြစ် “အရပ်တွင် ခိုးသေး မီးပွားမပေါ်ထွက်အောင် ညဥ့်နေနှိုးဆော်၍ တစ်လိုင်းအိမ်ကို ချွန်းချိတ်ဝါး ၁၀ စင်းတန်သည်၊ ငါးစင်းတန်သည် စိုက်ထောင်ရှိစေ။ အိမ်မိုးမှာလည်း ရေအိုး ရေပြည့်ထားရှိစေ၊ ထမင်းချက်ပြုတ်သည်မှာလည်း ကျင်း ၃၆ ပြည့်တူး၍ ချက်ချိန်ကိုသာ ချက်စေ။ ချက်ပြုတ်ချိန် မောင်းခတ်သည့်အချိန်အတွင်းက လွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွား၊ မီးပေါက်မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်တို့ အမှိုက်၊ ကြက်မွေးနှင့် ထိုးစမ်းသပ်စေ၊ သေငြိမ်းသည့်ကာလဖြစ်လျက် မသေမငြိမ်း၊ စမ်းသပ်သည့် အမှိုက်၊ ကြက်မွေးကို စွဲလောင်လျှင် မီးရှို့သည့် အိမ်ရှင်ကို ခေါ်၍ မြို့ရုံးမှာအပ်ရမည်။ လမ်းခရီးကိုလည်း ဆေးအိုး၊ ဆေးတန်သောက်၍ မသွားမလာစေနှင့်။ သွားလာလျှင် ဆေးအိုးဆေးတံကို လုယူသိမ်းထားရမည်၊ မီးဆော်တို့ တစ်နေ့ငါးကြိမ်လှည့်ပတ်စစ်ကြောစေ”ဟူ၍ အမိန့်တော်ထားရှိခဲ့သည်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မုခ်ဦးများ၊ ဂိတ်များနှင့် မြို့ရိုးများတွင် မျှော်စင်ငယ်များ ဆောက်လုပ်ခဲ့ပြီး အိမ်ရှေ့မင်းသားများနှင့် မြို့စောင့်တပ်များကို မီးဘေးလုံခြုံရေးနှင့်ဆိုင်သော ကိစ္စရပ်များအား တင်းကျပ်စွာ ဆောင်ရွက်စေခဲ့သည်။

**သမိုင်းမှတ်တမ်းများထားရှိ**

မင်းတုန်းမင်းတရားကြီး လက်ထက်တော် မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့တွင် နန်းတော်အနောက် စည်ရှင်ဈေးပတ်လည် မီးလောင်မှုဖြစ်ပွားခဲ့ရာ မက္ခရာမင်းသားကြီး ကိုယ်တိုင် နောက်လိုက်နောက်ပါများနှင့် ငြိမ်းသတ်ခဲ့ရသည်။ ဈေးပတ်လည် အိမ်ခြေ ၇၀၀ ကျော် မီးသင့်ခဲ့သည့်အတွက် ကြိုးစားမငြိမ်းသတ်မှုကြောင့် မင်းတုန်းမင်းတရားကြီးက မြို့ဝန်၊ ပြဝန်တို့အား အပြစ်ဒဏ်စီရင်ခဲ့ပြီး တောင်မြို့ဝန် ဦးပေစိနှင့် မြောက်မြို့ဝန် ဦးသာအိုးတို့ကို သံခြေချင်းနှစ်ဆင့်ခတ်ကာ အကျဉ်းချစေလျက် ကမ်းနီအတွင်းဝန်ကို ရာထူးရာခံရုပ်သိမ်း၍ လွှတ်တော်ကိုပို့စေခဲ့ကြောင်း **စာမျက်နှာ ၁၉ သို့** ■



လှိုင်သာယာစက်မှုဇုန် မီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ – သစ္စာ

> **“မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်းကိရိယာများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရ စွမ်းရည်တိုးတက်မြင့်မားလာခဲ့ရာ နိုင်ငံတော်၏ဘဏ္ဍာငွေကို ခြိုးခြံနိုင်ခဲ့သည့်အပြင် ပြည်သူတို့၏အသက်အိုးအိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှုကိုလည်း အနည်းဆုံးထွက်ပေါ်ရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အသက်ပေးသွားခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်တို့အား ပြည်သူတို့၏ နှလုံးသားဝယ် ကမ္ပည်းမော်ကွန်းတစ်ရပ် အစဉ်ရေးထိုးထားလျက်ရှိ”**

■ စာမျက်နှာ ၁၈ မှ

မီးဘေးနှင့် ပတ်သက်ပါက ပြတ်သားစွာ ဆောင်ရွက်မှုကို သမိုင်းမှတ်တမ်းများ ထားရှိခဲ့သည်။

**ထာဝရကမ္ပည်းတင်ရှိနေ**

မြို့ပြကို ပျက်စီးဆုံးရှုံးစေနိုင်သော မီးဘေးအန္တရာယ်ကို ရှေးခေတ်မင်းများကိုယ်တိုင် အထူးသတိပြု ထိန်းချုပ်ကြပ်မတ်ဆောင်ရွက်ခဲ့ကြပြီး ယနေ့ အိုင်တီနည်းပညာခေတ်တွင် အပူရှိန်မြင့်မားလာသော ကမ္ဘာကြီး၏သဘာဝဖြစ်စဉ်များ ပြောင်းလဲလာမှုကြောင့် သဘာဝအန္တရာယ်များ နှစ်စဉ်ဖြစ်ပွားလျက် ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ရလျက်ရှိသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ မီးဘေးနှင့် သဘာဝအန္တရာယ် ကာကွယ်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်းလိုအပ်ချက်ရှိသော်လည်း ယခင်ထက်မတူသော တိုးတက် ပြောင်းလဲလာမှုကြောင့် တပ်ဖွဲ့ဝင်တို့၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရ စွမ်းဆောင်ရည်တိုးမြှင့်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့်မီးဘေးအန္တရာယ်ကာကွယ်ရေးတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် သမိုင်းစာမျက်နှာများစွာ ရေးထိုးနိုင်ခဲ့သော တပ်ဖွဲ့အဖြစ် ဂုဏ်တင့်လျက်ရှိပြီး မီးလောင်မှုနှင့် သဘာဝဖြစ်စဉ်တို့တွင် အသက်ပေးခဲ့ရသည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်တို့၏ စွမ်းဆောင်ရည်တို့သည် ပြည်သူတို့၏နှလုံးသား၌ ထာဝရ ကမ္ပည်းတင်ရှိနေသောကြောင့် ဖြစ်သည်။

**မြူနီစီပယ်**

၁၈၇၄ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးပုံစံတွင် မြူနီစီပယ်အက်ဥပဒေကို ရေးဆွဲခဲ့ပြီး ထိုအက်ဥပဒေအရ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် မြူနီစီပယ်ကော်မတီများ ဖွဲ့စည်း၍ မြူနီစီပယ်အုပ်ချုပ်ရေးကို ဖော်ဆောင်ခဲ့သည်။ ၁၈၈၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြူနီစီပယ်ကော်မတီမှ မြူနီစီပယ်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် မြူနီစီပယ်အက်ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည်။ မြူနီစီပယ်သည် ရန်ကုန်မြို့ မီးဘေးကာကွယ်ရေးအတွက် ရေရရှိရန် ဆောင်ရွက်ခဲ့ပြီး ရေနွေးငွေ့သုံးမီးသတ်ယာဉ်၊ ရေနွေးငွေ့သုံးမီးသတ်စက်၊ လူအားသုံးမီးသတ်စက် (ဝါ) လက်နှိပ်ပန့်တို့ကိုအသုံးပြုခဲ့ပြီး မီးသတ်သင်တန်းများ လေ့ကျင့်သင်ကြားပေးကာ မီးသတ်စခန်းများကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ထိုမီးသတ်စခန်းများတွင် ၁၉၁၂ ခုနှစ်က ရူပီးငွေ ၄၀၀၀ ကုန်ကျခဲ့သော ရန်ကုန်မြို့တွင် ပထမဆုံး သံဖရိန်ဖြင့် တည်ဆောက်ခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (ရန်ကုန်ဗဟိုမီးသတ်အဆောက်အအုံ)လည်း ပါဝင်ခဲ့သည်။ ထိုအဆောက်အအုံသည် အင်္ဂလန်နိုင်ငံ အက်ဒွပ်ဘုရင်ခေတ်၏ ဗိသုကာ လက်ရာကောင်းများစွာ စုဝေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် မြင်းနှင့်ဆွဲသော အင်ဂျင်ဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ရာမှ ဓာတ်ဆီ (သို့) ရေနွေးငွေ့အင်ဂျင်ဖြင့် ပြုလုပ်ထားသော မီးသတ်ယာဉ်အား အစားထိုးပြောင်းလဲအသုံးပြုနိုင်ခဲ့သည့် ပထမဆုံး မီးသတ်စခန်းကြီးလည်း ဖြစ်သည်။



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ရေဘေးရှာဖွေကယ်ဆယ်ရေးနှင့် ကူညီမှုလုပ်ငန်းများဆောင်ရွက်နေစဉ်။ ဓာတ်ပုံ - သစ္စာ

**နိုင်ငံလုံးဆိုင်ရာမီးသတ်အစည်းအရုံး**

၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်လေး ဇိနတ်အစ္စလာမ် မိန်းခလေးကျောင်းခန်းမ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စေတနာ့ဝန်ထမ်းများနှင့် မီးသတ်အစည်းအရုံးများ စုစည်း၍ ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကို ကျင်းပခဲ့ရာ ခရိုင်ပေါင်း ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့သည်။ နာယကလူကြီးများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘချို၊ ဦးဘဂျမ်း၊ သခင်မြ၊ ဦးဘဖေကြီး၊ ဦးစိုးညွန့်၊ ဟသ်ာတဦးမြ၊ ဦးတင်(မြန်မာ့အလင်း)၊ ဦးမြ(ပျော်ဘွယ်)၊ သခင်သန်းထွန်း၊ ဦးဘဝင်း၊ ဗန္ဓုလဦးစိန်တို့ တက်ရောက်ခဲ့ကြသည်။

**လမ်းညွှန်မှာကြားခဲ့**

ထိုအခမ်းအနားသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ရာ မီးသတ်လုပ်ငန်းနှင့် ပတ်သက်၍ လမ်းညွှန်ဩဝါဒအဖြစ် "မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင် သူရဲကောင်းများ ပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းများတွင် သူရဲကောင်းများ ပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းများမှာ သူတစ်ပါးအား တိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများဖြစ်သဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများဖြစ်ကြောင်း၊ မီးသတ်အဖွဲ့မှာ ယဉ်ကျေးမှုနှင့် စွန့်စားမှု အရေးကြီး၍ အရပ်ရပ်တိုင်းတွင်ဖွဲ့စည်းအပ်ကြောင်း၊ မီးသတ်အသင်းကို တည်ထောင်ခြင်းဖြင့် စည်းကမ်းသေဝပ်မှု၊ ပေါင်းသင်းဆက်ဆံရေး၊ ပြည်သူ့ဝန်ထမ်းစသော မြင့်မြတ်သောအလုပ်များကို သဘောထားများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မီးသတ်ရဲဘော်တို့သည် သူအိုသူနာများအား သက်စွန့်ကြိုးပမ်း မီးဘေးမှ ကယ်တင်ခြင်းသည် တကယ့်လူစွမ်းကောင်းများဖြစ်ပြီး မီးဘေးသည် ကြောက်မက်ဖွယ်ကောင်းသော ရန်သူဖြစ်ရာ မီးဘေးကာကွယ်ရေးအဖွဲ့များ ရပ်ကွက်တိုင်းတွင် ထားသင့်ကြောင်း၊ ယောကျ်ားများသာမဟုတ် မိန်းမများပင် ပါဝင်ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် မီးသတ်အစည်းအရုံးကြီး တည်ထောင်သောနေ့အား "မီးသတ်နေ့" အဖြစ်သတ်မှတ်ခဲ့ရာ ယနေ့တိုင် "မီးသတ်တပ်ဖွဲ့နေ့"ကို လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက် ကျင်းပလျက်ရှိသည်။

**မီးသတ်ဦးစီးဌာန၏ လုပ်ငန်းစဉ်(၇)ရပ်**

မီးသတ်တပ်ဖွဲ့အား စနစ်တကျ ဖွဲ့စည်း၍ ပြည်သူ့အကျိုးကို ၁၉၄၆ ခုနှစ်မှ စတင်ထမ်းဆောင်ခဲ့သည်မှာ ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် (၇၆) နှစ်မြောက်ခဲ့ပြီဖြစ်သည်။ နိုင်ငံနှင့် ပြည်သူ့အကျိုး ထမ်းရွက်ပိုးသည့် မီးသတ်တပ်ဖွဲ့ဝင်တို့၏ မီးသတ်ဦးစီးဌာနတွင် လုပ်ငန်းစဉ်(၇)ရပ်ကို ထမ်းဆောင်လျက်ရှိသည်။ ထိုလမ်းစဉ်(၇)ရပ်မှာ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်(၄)ရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ထက်မြက်စေရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း၊ မီးသတ်စက်/ယာဉ်နှင့် ပစ္စည်းကိရိယာများမွမ်းမံရေး၊ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေးလုပ်ငန်းများ၊ ပြည်သူလူထုအား မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေးလုပ်ငန်း၊ အရန်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေးလုပ်ငန်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲမှုနည်းစနစ်များ၊ မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များအား အစဉ်အမြဲသုတေသနပြုလုပ်ဖော်ထုတ်၍ တပ်ဖွဲ့ဝင်အားလုံး တတ်ကျွမ်းနားလည်စေရန် လေ့ကျင့်ပေးရေးလုပ်ငန်း၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အသုံးပြု၍ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုချက်များကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင်/ပုဂ္ဂလိကပိုင်၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းများမှ တိကျစွာ လိုက်နာဆောင်ရွက်စေရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ ခိုင်မာသောအရန်အင်အားဖြစ်စေရေးအတွက် လေ့ကျင့်ဖွဲ့စည်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း စသည်တို့ကို ဖော်ဆောင်လျက်ရှိသည်။

**ရည်ရွယ်ချက်ထားဆောင်ရွက်**

မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် စသည့် မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်တို့ကို ဆောင်ရွက်လျက်ရှိပြီး မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ရေးတို့သည် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ် ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်(၅)ချက်ဖြစ်သော နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိက ပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်၊ မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်၊ မီးဘေးအန္တရာယ်နှင့် အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ် (သို့) ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရေးအတွက် ပညာပေး၊ စည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ နိုင်ငံတော်လုံခြုံရေး ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ရန် စသည်တို့ကို ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိသည်။

**ဘွဲ့တံဆိပ်နှင့်**
**ဂုဏ်ထူးဆောင်များ ချီးမြှင့်**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ လက်ကိုင်ဆောင်ပုဒ်သည် သတိ၊ သစ္စာ၊ သတ္တိဖြစ်ပြီး မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်တို့ဖြင့် စွမ်းရည်(၄)ရပ်ကို ပိုင်ဆိုင်ထားသော တပ်ဖွဲ့ဝင်များဖြစ်သည်။ နိုင်ငံနှင့်ပြည်သူတို့အတွက် စွန့်စွန့်စားစား ထမ်းဆောင်ကြသောကြောင့် မြန်မာနိုင်ငံ မီးသတ် စတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ စွမ်းရည်သတ္တိဆိုင်ရာဘွဲ့တံဆိပ် ၇၆ ဦးနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ဘွဲ့တံဆိပ် ၂၃၁ ဦးတို့ကို ချီးမြှင့်ခဲ့သည်။ နိုင်ငံတော်က ချီးမြှင့်ခဲ့သော ဘွဲ့ထူးဂုဏ်ထူးများတွင် ၁၉၅၄ ခုနှစ်၌ ညွှန်ကြားရေးဝန်ဦးလှကျော်အား သရေစည်သူဘွဲ့၊ ၁၉၅၆ ခုနှစ်တွင် ညွှန်ကြားရေးဝန် ဦးခင်မောင်လွင်အား ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ညွှန်ကြားရေးမှူးချုပ် ဦးရှားကိုးအား သီရိပျံချီဘွဲ့တို့ကို ချီးမြှင့်ခဲ့ပြီး ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ်၊ ရဲသူရိန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ်နှင့် စိုးမိုးကျော်အမြန်ရေယာဉ် နစ်မြုပ်မှုတွင် နစ်မြုပ်နေသော ရေယာဉ်အတွင်းမှ ပိတ်မိနေသော ရုပ်အလောင်းများကို တပ်မတော်သား ငါးဦးနှင့်အတူ စွန့်စားသယ်ထုတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင် လေးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်မှုကို ရရှိခဲ့ကြသည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်**

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် မီးသတ်စွမ်းရည်များ မြင့်မားလာခဲ့သည်။ ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းတွင် မြန်မာ-စင်ကာပူ နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံတွင် မီးငြိမ်းသတ်ရေး သင်တန်းနှင့် လျှင်ဘေးအသိပညာပေး ဆောင်ရွက်ခြင်း၊ အိန္ဒိယနိုင်ငံတွင် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ပိုလန်နိုင်ငံသို့ ပညာတော်သင်အဖွဲ့ သွားရောက်ခြင်း၊ တရုတ်နိုင်ငံနှင့် သုတေသနနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံနှင့် ဘေးအန္တရာယ်ဆိုင်ရာ ဖြစ်စဉ်များကို ကွပ်ကဲမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ အမေရိကန်နိုင်ငံနှင့် အကျပ်အတည်းများဆိုင်ရာ စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ကမ္ဘာ့နိုင်ငံများရှိ မီးသတ်တပ်ဖွဲ့များနှင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများကို အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိ သင်တန်းကျောင်းများတွင် စွမ်းရည်မြင့်သင်တန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး မျိုးဆက်သစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

**အသွင်သဏ္ဍာန်နှင့် အနှစ်သာရ**
**ပြောင်းလဲတိုးတက်လာ**

မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်တို့ ရင်ဆိုင်ကြုံတွေ့ရပါက ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းသည် ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေမှုတွင် အရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်းကိရိယာများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရ စွမ်းရည်တိုးတက်မြင့်မားလာခဲ့ရာ နိုင်ငံတော်၏ဘဏ္ဍာငွေကို ခြိုးခြံနိုင်ခဲ့သည့်အပြင် ပြည်သူတို့၏ အသက်အိုးအိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှုကိုလည်း အနည်းဆုံးထွက်ပေါ်ရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အသက်ပေးသွားခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်တို့အား ပြည်သူတို့၏ နှလုံးသားဝယ် ကမ္ပည်းမော်ကွန်းတစ်ရပ် အစဉ်ရေးထိုးထားလျက်ရှိနေပါကြောင်း (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"ဒီသံသယမျိုး ဖေဖေ့မှာ တစ်ကြိမ်မှ မပေါ်ပေါက်ခဲ့သေးဘူးသမီး။ သမီးရဲ့ မေမေကိုကြည့်ရတာ သမီးကို တကယ် တမ်းချစ်မြတ်နိုးပုံရပါတယ်"

"ငယ်ငယ်က ကျွန်တော်တို့ကလေး ချင်း ပြောင်ပြောင်တဲ့စကားလို ဖြစ်နေပြီ ဖေဖေ။ နင့်ကို နင့်အမေက မွေးတာ မဟုတ်ဘူး။ လှည်းလမ်းကြောင်းက ကောက်ရတာဆိုတာမျိုးလို၊ ကျွန်တော့် ကို လှည်းလမ်းကြောင်းကများ ကောက် ရခဲ့လေသလား ဖေဖေရယ်"

ဖေဖေ့ထံမှ အသံထွက်မလာလေ တော့။

သူတို့ မြစ်ဆိပ်သို့ရောက်လာကြ သည်။ မြစ်ဆိပ်၌ အတော်ချည်းကြာ အောင် ရပ်နေမိကြသည့်တိုင် စကား မပြောဖြစ်ကြ။ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေမိကြသည်။

"အိမ်ကိုပြန်ကြရအောင် ဖေဖေ"

တင်တင်ရီ ဆိုသည်။

"သမီးဘာသာ ပြန်နှင့်ပေတော့"

"ဖေဖေ ဘယ်သွားဦးမလို့လဲ ဟင်"

"ဖေဖေ့ကိုခွင့်လွှတ်ပါသမီး၊ ဒီကနေ့ ဖေဖေစိတ် သိပ်လှုပ်ရှားရတယ်။ ဖေဖေ့ အဖို့ စိတ်ငြိမ်းချမ်းမှုရဖို့ အထူးတလည် လိုအပ်နေပြီဆိုတာ သမီးသဘော ပေါက်နိုင်ပါလိမ့်မယ်ကွယ်"

သို့နှယ်ဖြင့် တင်တင်ရီသည် ထိုနေ့ က မိမိ၏ ပျောက်ဆုံးနေခဲ့လေသော ဘဝအစိတ်အပိုင်းတစ်ခုကို ပြန်လည် ရှာဖွေတွေ့ရှိရလေသည်။ ထို့အတွက် သူ့အနေနှင့် ဝမ်းသာနိုင်ခြင်းမရှိသည် ကားအမှန်ပင်။ ဖြစ်နိုင်မည်ဆိုလျှင်တော့ မိမိ၏ဘဝမှာ သည်သို့ပါကလားဟု နားမလည်ချင်၊ မသိချင်ပါ။ သိလာ နားလည်လာရလေတော့လည်း ကြေကွဲ စရာချည်းပါကလားကွယ်။

ထိုနေ့က အပျိုကြီးများနေသော အိမ်ရှေ့မှ ဖြတ်လျှောက်လာခဲ့ရသည်။ သည်စဉ်တွင် တင်တင်ရီ၏စိတ်ဝယ် ယင်းမိန်းမကြီးများကို နာကြည်းမိခဲ့ သည်။ သူတို့ကြောင့်၊ သူတို့ဆတ်ဆော့ သောကြောင့် သည်အကြောင်းအရာများ ပေါ်ပေါက်လာရသည်ဟု တွေးကာ သူတို့ကို အလိုလိုအပြစ်တင်ချင်နေမိ သည်။

နောင် ထိုအိမ်သို့ မသွားတော့ဟူ၍ လည်း ဆုံးဖြတ်ချက်ချလိုက်မိလေ သည်။




x x x x x

ထိုသူ့ကို တင်တင်ရီစိတ်နှင့် မတွေ့ခဲ့ သည်မှာ ကြာချေပြီ။

သူ၏အမည်မှာ ခင်မောင်စိုး။

အသက်သုံးဆယ်လောက်ရှိပြီ။ လူပုံက ဖြူဖြူနွဲ့နွဲ့ပင်။ ရုပ်သွင်က မိန်းမချောချော သည် ဆိုရမည်ထင်၏။ ဒီဂရီရပြီးသား။ ဆည်မြောင်းဘက်မှာ အလုပ်လုပ်သည်။ ဝန်ထောက်အဆင့်အတန်းလောက်ရှိ သည်ဟု ပြောသည်။

မအေးမြနှင့် မောင်နှစ်ဝမ်းကွဲဆိုလား၊ သုံးဝမ်းကွဲဆိုလား တော်သည်။

အစကတော့ မအေးမြတို့ ပြောသော စကားထဲတွင် သူ့အမည်မပါဝင်ခဲ့ကြောင်း ထင်ရှားသည်။ မကြာတတ်သေးမီကမှ မအေးမြနှင့် တစ်နေရာတွင် ဆုံမိကာ ဆွေမျိုးစပ်ရင်း အိမ်သို့ပါလာခဲ့ခြင်းဖြစ် သည်။ ထို့နောက် သူသည် အိမ်သို့ မကြာခဏလာလေ့ရှိသည်။ တစ်ခါတစ်ရံ တစ်ရေးတစ်မောအိပ်သည်။ တစ်ခါတစ်ရံ ထမင်းဝင်စားတတ်သည်။ စားအိမ် သောက်အိမ်လို ဖြစ်နေတတ်သည်။

သူ့ကိုမြင်စကတည်းကပင် တင်တင်ရီ မျက်နှာကြောမတည့်။ သူ့အသွင်အပြင်ကို မနှစ်မြို့က်၊ လူတစ်ကိုယ်လုံး ထွင်းဖောက် မြင်ရလောက်အောင် ကြည့်လေ့ရှိသော သူ၏အကြည့်ကို တင်တင်ရီ မုန်းတီး သည်။

သူသည် "ညီမရယ် ဘာရယ်" နှင့် လူကို လက်ပွန်းတတီးနေချင်သည်။ တို့ကနန်း ဆိတ်ကနန်း လုပ်ချင်သည်။ ထို့ကြောင့် သူ့အရှေ့တွင် တင်တင်ရီ ပို၍သိက္ခာရှိရ သည်။ ဣန္ဒြေကြီးတစ်ခွဲသားနှင့် နေရ သည်။ သူနှင့်ဆိုလျှင် ထာဝစဉ် မျက်နှာ ရှစ်ခေါက်ချိုးထားရသည်။

မအေးမြနှင့်မူ အလွန်လေပေးဖြောင့် သည်။ ပဏာစားသည်။

အသက် သုံးဆယ်ကျော်ကာ ကလေး လေးယောက်အထိ ရရှိပြီးဖြစ်သည့်တိုင် အရွယ်တင်ဆဲဖြစ်သော၊ အလှပြင်ဆဲဖြစ် သော မအေးမြနှင့် တပူးတွဲတွဲနေသည်။ ရုပ်ရှင်သွားပြီ၊ တစ်နေရာရာထွက်ကြပြီ ဆိုလျှင် အတူတူပင်။ တင်တင်ရီကို ခေါ်ဖူး သည်။ တစ်ခါမျှမဟုတ်။ မလိုက်မှန်းသိ၍ နောက်မခေါ်ကြတော့။

မအေးမြသည် တင်တင်ရီနှင့် ခင်မောင်စိုး ကို ရင်းနှီးကျွမ်းဝင်လိုစေဟန်တူသည်။

တင်တင်ရီက ရှောင်ဖယ်ဖယ်လုပ်နေ သည်ကို ကျေနပ်ပုံမပြ။ တစ်ခါတစ်ရံ အကြောင်းရှာလျက် သူတို့နှစ်ယောက်ကို စကားပြောဖြစ်စေရန် ဖန်တီးပေးလေ့ရှိ သည်။

ခင်မောင်စိုးသည် ဖေဖေ့ကိုလည်း စည်းရုံးနိုင်စွမ်းရှိသည်။ တစ်ခါတစ်ရံ နိုင်ငံခြားဖြစ်၊ တစ်ခါတစ်ရံ ပြည်တွင်း ဖြစ် အရက်ပုလင်းများ ယူလာတတ်သည်။

သို့ဖြင့် သူသည် အိမ်တွင် တံခါးမရှိ၊ ဓားမရှိဝင်စေထွက်စေအမိန့်ရတစ်ယောက် လိုဖြစ်နေသည်။ ဤသည်ကို တင်တင်ရီ မကျေနပ်နိုင်။ သည်လူနှင့်ပတ်သက်၍ မည်သို့မည်ပုံပြုရမည်ကို မသိတတ်ဘဲ အောင့်အည်းသည်းခံနေခဲ့ရသည်။

သည်ကနေ့ ကျောင်းတွင် ကပွဲရှိသည်။ မိဘဆရာအသင်း အစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနားဖြစ်သည်။ ကျောင်း ကပွဲတိုင်း၌ တင်တင်ရီပါဝင်ရတတ်မြဲ ဖြစ်သည်။

တင်တင်ရီသည် အေးအေးကုပ်ကုပ်နေ လေ့ရှိသော်လည်း ကခုန်ခြင်း၌မူ ဝါသနာ ထုံသည်။ ဆရာသမားနှင့် နည်းစနစ်တကျ သင်ကြားရခြင်းမရှိဘဲ ကခုန်တတ်သည်။ သင်္ကြန်ပွဲများ၊ ညှော့ခံပွဲများ၊ ကျောင်းကပွဲ များတွင် တင်တင်ရီမပါလျှင် ပွဲမစည်တတ်။

ပွဲတစ်ခုခုဖြစ်ပြီးလေတိုင်း လူတို့၏ ပါးစပ်ဖျားတွင် တင်တင်ရီ၏အမည် သတင်း ကျော်စောထင်ရှားလာလေ့ရှိ သည်။ သူ၏ရုပ်သွင်ကိုလည်းကောင်း၊ အသံကိုလည်းကောင်း၊ အဆိုကျနမှုနှင့် အကညက်ညောမှုကိုလည်းကောင်း လူတို့ ချီးမွမ်းလေ့ရှိကြသည်။

စင်စစ် တင်တင်ရီ၌ ဖြေသိမ့်စရာဟူ၍ လည်း သည်တစ်နေရာတွင်သာ ရှိသည်။ မီးရောင်အောက်ကို ဝင်ကာ ကကြိုးသွယ် ၍ ကကွက်ဆင်ရပြီဆိုလျှင် မိမိ၏ဘဝကို သော်လည်းကောင်း၊ မိမိ၏ ပတ်ဝန်းကျင် မှသောကကိုလည်းကောင်း မေ့လျော့နေ မိတတ်သည်။

သို့နှယ်ဖြင့် သည်စဉ်ကပင် တင်တင်ရီ သည် ဇာတ်ခုံကို ခင်တွယ်ကောင်းမှန်း သိခဲ့လေသည်။

ထိုနေ့က ကျောင်းကပွဲတွင် ပါဝင်ကပြ ရသဖြင့် တင်တင်ရီ အိမ်ပြန်နောက်ကျ သည်။ သူငယ်ချင်းဖြစ်သူက စက်ဘီးဖြင့် အိမ်သို့လိုက်ပို့ပေးသည်။ အချိန်မှာ ည ဆယ့်တစ်နာရီခွဲ အိမ်သို့ပြန်ခဲ့ရာဝယ် တင်တင်ရီ၏စိတ်မှာ ပူပန်စိုးရိမ်မှုများရှိ နေရသည်။ အိမ်မှာ ထမင်းမှချက်ပါလေစ၊ ထမင်းမစားရသည်ကို အကြောင်းပြု လျက် ကလေးတွေ ဆူပူငိုယိုကြမည်လား။ မအေးမြသည် မိမိအား ကျိန်ဆဲနေလေ မည်လား စသည်ဖြင့် တွေးမိကာ အိမ်ပြန် ရမည်ကို ရင်လေးနေသည်။

သို့ရာတွင် သူပြန်ရောက်ချိန်၌ တစ်အိမ်လုံး တိတ်ဆိတ်နေကြောင်း မြင်ရ သည်။ ငြိမ်သက်နေကြောင်း တွေ့ရသည်။

ဆောင်းကာလမို့ ညသည် အေးအေး မြမြ ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိနေသည်။

တင်တင်ရီသည် ဝိုင်းအတွင်းဝင်ခဲ့ သည်။ အိမ်အောက်ထပ်တံခါးမှာ စေ့ရုံ သာ စေ့ထားသည်။ အသံမပြည်အောင် အသာတွန်းဖွင့်ဝင်လိုက်သည်။ အောက် ထပ်တွင် မှောင်နေသည်။ အိမ်ပေါ်ထပ် တွင်မှ မီးရောင်လဲ့လဲ့ကို တွေ့ရလေ သည်။

တင်တင်ရီသည် ခြေသံလုံလုံထား၍ လှေကားအတိုင်း တက်ခဲ့သည်။ အပေါ် ထပ်ကို လှမ်းမြင်ရသော နေရာသို့ ရောက်သည်။

ဖေဖေ အိမ်သို့ ပြန်မရောက်သေး။ ကလေးများသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။

မအေးမြ၏အိပ်ခန်းမှာ မှောင်နေ သည်။

စင်စစ် မအေးမြ၏အိပ်ခန်းမှာ သဘာဝ အမှောင်ထက် ပိုမိုမှောင်မည်း လျက်ရှိသည်။

မအေးမြ၏ အိပ်ခန်းထဲမှ အသံဗလံ အချို့ကြားရသည်။ မအေးမြ၏ အသံနှင့် ယောကျ်ားသံတစ်သံ။ အသံများမှာ ညုသံ၊ နွဲ့သံ၊ ခရာသံ။

တင်တင်ရီသည် အသံများကို နားစွင့် မိသည်။ သူ့အဖို့ ခေါင်းနားပန်းကြီး သွားရသည်။ ချောက်ချားခြင်း၊ တုန် လှုပ်ခြင်း၊ ရှက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း စသော ဝေဒနာများကို တစ်ပြိုင်နက် တည်း ခံစားရသည်။

ယောကျ်ားဖြစ်သူ၏ အသံမှာ ခင်မောင်စိုး၏ အသံဖြစ်ကြောင်း တင်တင်ရီ သိသည်။ အသံကို ကျက်မိ သည်။ မမချင်း မိုးမွှန်နေသည်။

တင်တင်ရီသည် ရှိန်းမြသောအာရုံဖြင့် ရင်တထိတ်ထိတ်ခုန်လာသည်။ လှေကား မှ ပြန်ဆင်းလာသည်။ ရုတ်တရက် ဘာ လုပ်ရမည် မသိသလို ရှိသည်။ လူတွေ သိအောင် အော်လိုက်ရမည်လား။ အရပ် လူကြီးတွေဆီ တိုင်ရကောင်းမည်လား၊ သို့မဟုတ် ဖေဖေ့ကို ပြေးခေါ်ရလေ မလား မတွေးတတ်။ အောက်ထပ်တွင် ငူငူကြီး ထိုင်နေမိသေးသည်။ မအေးမြ တို့၏အသံများကို ခပ်သဲ့သဲ့ကြားနေရ သေးသည်ဖြစ်၍ နားမခံသာဘဲ အိမ်ထဲ မှ ထွက်ခဲ့သည်။

လမ်းဓာတ်မီးတိုင်ကိုမှီ၍ ကြာမြင့်စွာ ရပ်နေမိသည်။

ကြေကွဲရမည်လား၊ နာကြည်းရမည် လား၊ ဝမ်းနည်း ရမည်လား၊ ရှက်ရွံ့ရမည် လား ခွဲခြားမသိတတ်တော့နိုင်။ ယင်း ဝေဒနာအားလုံးကို တစ်ပြိုင်နက်တည်း ခံစားနေရခြင်းလည်း ဖြစ်စကောင်းသည်။

ခင်မောင်စိုးကို ယခင်ကတည်းက မယုံကြည်ခဲ့။ သည်လူ၏မျက်နှာကို မြင်စကတည်းက ဘယ်လိုလူစားမျိုး ဖြစ်သည်ကို သဘောပေါက်သည်။ သို့စေကာမူ သူတို့ချင်း ဆွေမျိုးတော်စပ် သည်ဆိုသည့်အတွက် ယခုလိုမှောက် မှောက် မှားမှား ဖောက်ပြားဝံ့ကြလိမ့် မည် မထင်ခဲ့ပေ။ သည်အထိ ယုတ်မာ နိုင်ကြလိမ့်မည်ဟု မတွေးတတ်နိုင်ခဲ့။

ဆယ့်နှစ်နာရီ သံချောင်းခေါက်သံ ပေါ်လာသည်။ မရှေးမနှောင်းမှာပင် ဖေဖေ့အသံကို ကြားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

"တင်တင်ရီသည် အေးအေးကုပ်ကုပ် နေလေ့ရှိသော်လည်း ကခုန်ခြင်း၌မူ ဝါသနာထုံသည်။
ဆရာသမားနှင့် နည်းစနစ်တကျ သင်ကြားရခြင်းမရှိဘဲ ကခုန်တတ်သည်။
သင်္ကြန်ပွဲများ၊ ညှော့ခံပွဲများ၊ ကျောင်းကပွဲများတွင် တင်တင်ရီမပါလျှင် ပွဲမစည်တတ်။
ပွဲတစ်ခုခုဖြစ်ပြီးလေတိုင်း လူတို့၏ပါးစပ်ဖျားတွင်
တင်တင်ရီ၏အမည်သတင်း ကျော်စောထင်ရှားလာလေ့ရှိသည်။
သူ၏ရုပ်သွင်ကိုလည်းကောင်း၊ အသံကိုလည်းကောင်း၊ အဆိုကျနမှုနှင့်
အကညက်ညောမှုကိုလည်းကောင်း လူတို့ချီးမွမ်းလေ့ရှိကြသည်။
စင်စစ် တင်တင်ရီ၌ ဖြေသိမ့်စရာဟူ၍လည်း သည်တစ်နေရာ..."

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**




# “မန်းသိင်္ဂီ ” ရုပ်စုံသဘင် သုဝဏ္ဏသာမဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မေ ၄

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “မန်းသိင်္ဂီ” ရုပ်စုံသဘင် သုဝဏ္ဏသာမဇာတ်တော်ကြီးကို မေ ၇ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး ဇာတ်ညွှန်းနန်းမြင့်ဆွေ (မန္တလေး–ရွှေတံဆိပ်ဆုများရှင်) ရေးသားကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တို့မှ ဆိုင်းပညာရှင်များ၏တီးခတ်မှုနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) သဘင်ပညာဌာနမှ အနုပညာရှင်များက တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် မေ ၄

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် ၆၄ ကို မေ ၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# “တူနှစ်ကိုယ်တိုင်းပြည်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မေ ၄

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “တူနှစ်ကိုယ်တိုင်းပြည်” တေးဂီတ ဖျော်ဖြေပွဲကို မေ ၆ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ရွှေစင်ကြယ် တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် မိုးယံဇွန်၊ သွန်းရွှေလျှံ၊ စောဒယ်နီယယ်၊ ဈာန်ထူး၊ ရဲရင့်ဝေလွင်၊ သဥ္ဇာမြင့်မိုရ်၊ မေထူးကျော်၊ ယဉ်လတ် နှင့် ပုလဲသန့်သွယ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၃၂၄)ဟုခေါ်တွင်သော (အလျားပေ ၄၀xအနံပေ ၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ မြေကွက် အမှတ်(၃၂၃)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျားပေ ၂၀xအနံပေ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ဖြစ်သူ ဦးကျင်မောင်(EA-၀၁၀၄၈၇)မှ ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်မောင်ချစ်(စလင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)**
**Ph:09–954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**LL.B,D.B.L,D.I.L,D.M.L,**
**WIPO(Switzerland)**
**Ph:09–420080932,09–977402677**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ လူနေရပ်ကွက်အမှတ်(၃၅)၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ်(၆၉၀)၊ အကျယ်အဝန်း ပေ(၄၅x၆၀)ရှိ ဦးမျိုးလွင်(MMN–၅၅၃၁၀၁)၊ ဒေါ်ချိုချိုသိန်း[၁၂/ဒဂမ(နိုင်)၀၁၅၅၉၃]အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစာရင်းတွင် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ တရားဝင်ခွဲစိတ်ထားရသေးခြင်းမရှိသော ခြေရင်းခြမ်း/ထောင့်ကွက်/ဂရန်မိတ္တူခြမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်သန်း(ဘ)ဦးညီမောင်[၁၂/ရကန(နိုင်)၀၁၀၁၁၈]က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဲ့ယဉ်ဝင်း(ဘ) ဦးထွန်းအေး[၁၂/ဥကတ(နိုင်)၀၅၆၆၁၁]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လှဲ့ယဉ်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်မေလှိုင် LL.B,D.B.L,Dip in English**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၁၆/၂၁–၁၂–၂၀၁၁)**
**တိုက်(၁၀/၁၂)၊ အခန်းအမှတ်(၁၀၄–ဒီ)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၈၃၈၀၅၊ ၀၉–၇၉၉၆၁၈၄၇၂**

# ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ အမှတ်(၃၉)၊ ဝက်ချိရပ်ကွက်နေ ဦးအုန်းခိုင် [၇/ညလပ(နိုင်)၀၂၁၃၆၃]–ဒေါ်လူးဟဲ [၇/ညလပ(နိုင်)၁၀၈၁၈၈]တို့၏ သားဖြစ်သူ စောသန်းထွန်းဦး အား(၂၂–၄–၂၀၂၂)ရက်နေ့မှစ၍ အပြီးတိုင်စွန့်လွှတ်လိုက်ကြောင်း အသိပေးအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးအုန်းခိုင်–ဒေါ်လူးဟဲ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ–၃၂၆၉၀)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးလှသိန်း(ဘ)ဦးချစ်စရာ [၇/ပခန(နိုင်)၀၈၅၅၆၂]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးလှသိန်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၃၂၁/၂၀၂၀)၊ (၇–၈–၂၀၂၀)ရရှိထားသူ ဦးသန်းနိုင်(ဘ)ဦးအေးရင် [၁၁/ရဗန(နိုင်)၀၄၄၃၆၈]မှ ဦးကျော်မျိုးဝင်း(ဘ)ဦးဘိုနီ [၉/တကန(နိုင်)၁၂၈၇၅၂]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဗီလာရီးယဲလ်ကို နှစ်ကျော့ပေါင်း ငါးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရပြီး လီဗာပူးအသင်း ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်း

လီဗာပူးအသင်းဟာ ဗီလာရီးယဲလ်အသင်းကို ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်မှာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး မေ ၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့မှာ သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်း ငါးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဒုတိယအကျော့မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဦးဆောင်ဂိုး နှစ်ဂိုးခွင့်ပြုပေးလိုက်ရပြီးမှ ဒုတိယပိုင်းမှာ ဖာဘင်ဟို ၆၂ မိနစ်၊ လူးဝစ်ဒိုင်ယက်ဇ် ၆၇ မိနစ်နဲ့ မာနေး ၇၄ မိနစ်တို့ရဲ့ သွင်းဂိုးသုံးဂိုး ရရှိခဲ့တာကြောင့် သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းဟာ ပွဲကစားချိန် ၈၅ မိနစ်မှာ ကာပူး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် အဲဒီနောက်ပိုင်း တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ၁၉၇၇ ခုနှစ်၊ ၁၉၇၈ ခုနှစ်၊ ၁၉၈၁ ခုနှစ်၊ ၁၉၈၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တို့မှာ ချန်ပီယံလိဂ်ဖလားတွေ သိမ်းပိုက်နိုင်ခဲ့တာကြောင့် ယခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဖလားကို (၇) ကြိမ်မြောက်ဆွတ်ခူးနိုင်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ယခုနှစ်ဘောလုံးရာသီအတွင်း ချန်ပီယံလိဂ်ဖလားအပါအဝင် ပရီမီယာလိဂ်၊ အက်ဖ်အေဖလား၊ ကာရာဘောင်ဖလားစတဲ့ ဖလားလေးလုံးကို သိမ်းပိုက်နိုင်မယ့် လမ်းကြောင်းပေါ်မှာရှိနေတာဖြစ်ပြီး လက်ရှိအချိန်အထိ တစ်ရာသီအတွင်း ဖလားလေးလုံးရရှိခဲ့တဲ့ အင်္ဂလန်ကိုယ်စားပြုအသင်း တစ်သင်းမှ မရှိသေးတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် မေ ၂၈ ရက်မှာ ပြင်သစ်နိုင်ငံ စတိတ်ဒီဖရန့်မှာ ကျင်းပမယ့် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်း ဒါမှမဟုတ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

**■ ဆီးဂိမ်းမှ**

ချန်ပီယံနှင့် အိမ်ရှင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို မေ ၆ ရက်မှ ၁၆ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်အသင်း ပါဝင်သော အုပ်စု (က) ပွဲစဉ်များနှင့် စတင်မည်ဖြစ်သည်။

ပြိုင်ပွဲပထမနေ့အဖြစ် မေ ၆ ရက်တွင် ဖိလစ်ပိုင်နှင့် တီမောအသင်း၊ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲကို မေ ၈ ရက်မှသာ ကစားရမည်ဖြစ်ပြီး မေ ၈ ရက်တွင် တီမောအသင်း၊ မေ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၁၃ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အုပ်စုအနေအထားအရ မြန်မာအသင်းသည် တီမော၊ ဖိလစ်ပိုင်တို့နှင့်ပွဲများတွင် ရမှတ်အပြည့် ရယူထားနိုင်ရန်လိုအပ်ပြီး ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် ပွဲများမှာ ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အဆုံးအဖြတ် ဖြစ်လာနိုင်သည်။ မြန်မာအသင်းအနေဖြင့် တီမော၊ ဖိလစ်ပိုင်တို့နှင့်ပွဲများတွင် အမှတ်ပြည့်မယူနိုင်ပါက ဆီမီးဖိုင်နယ်တက်ရောက်ရန် ပိုမိုခက်ခဲသွားနိုင်ပေသည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ အစောဆုံးရောက်ရှိနေပြီး မေ ၃ ရက်မှစတင်ကာ ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၆ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၃၃၁။ | တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးနှင့်ကွပ်ကဲမှုအောက် ကျောင်း၊ တပ်/တပ်ဖွဲ့များရှိ အရာရှိ/စစ်သည်မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ၊ လမ်းမီးတိုင်-၁၀ တိုင်လှူဒါန်း) | နေပြည်တော် | ၃၇၉၀၀၀၀၀ |
| ၂၃၃၂။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်နှင့်ဇနီး ဒေါ်တင်စောယုလှိုင် (သမီး)မငုဝါလှိုင်၊ မောင်ဉက္ကာကျော်နှင့်ဇနီး မဇီဇဝါလှိုင်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၃၃၃။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၃၃၄။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရာထမ်း/အမှုထမ်းများ (ကျောက်စာရုံစေတီ-၅ ဆူ လှူဒါန်း) | စစ်ကိုင်းမြို့ | ၁၃၉၅၀၀၀၀၀ |
| ၂၃၃၅။ | နှစ်ဖက်သောမိဘများအား ရည်စူးအမှူးထား၍ (ဦးတင်မြ+ဒေါ်ခင်လေးမြင့်)၊ (ဦးစိုး+ဒေါ်ကျင်)၊ ဒေါ်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုးမိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၂၉၀၀၀၀ |
| ၂၃၃၆။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်း/အမှုထမ်းများ (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၃၃၇။ | ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၄၀၀၀၀၀၀ |
| ၂၃၃၈။ | ဦးသန်းညိန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်) နှင့်ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်တို့၏ (၁-၅-၂၀၂၂)ရက်နေ့တွင်ပြည့်မြောက်မည့် (၄၅)နှစ်ပြည့် နီလာရတုမင်္ဂလာ နှစ်ပတ်လည်နေ့အတွက်လှူဒါန်းခြင်း | နေပြည်တော် | ၄၅၀၀၀၀၀ |
| ၂၃၃၉။ | ဆရာကြီးဦးထွန်းထွန်းအား အမှူးထားပြီး မိဘနှစ်ပါးအားရည်စူး၍ (သမီး)ဒေါ်ကြူကြူသန်းကောင်းမှု | ရန်ကုန်မြို့ | ၁၁၀၀၀၀၀ |
| ၂၃၄၀။ | ဦးကျောက်+ဒေါ်စိန်တင်မောင်၊ ကိုဝင်းလှိုင်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ပွင့်ဖြူမြို့ | ၁၀၀၀၀၀ |
| ၂၃၄၁။ | အမျိုးသမီးဘွဲ့ရဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၇)မှ အမျိုးသမီးအရာရှိများ (Garden light-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၂၀၀၀၀ |
| ၂၃၄၂။ | ဦးမောင်စိုး၊ ဒေါ်မာလာညို၊ ဒေါ်စန္ဒာမြင့်၊ ဗိုလ်ကြီးဖြိုးမြင့်မောင်၊ ဒေါ်သန္တာမြင့်မိသားစု | ရန်ကုန်မြို့ | ၂၆၀၀၀၀ |
| ၂၃၄၃။ | ကွယ်လွန်သူ ဦးဝင်းမောင်တင်အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု (Garden light-၁ တိုင်၊ ကြွေပြား-၁ ကျင်းလှူဒါန်း) | ရန်ကုန်မြို့ | ၃၂၀၀၀၀ |
| ၂၃၄၄။ | ဦးအေးကြည်နှင့်ဇနီး ဒေါ်ခင်ငွေ | မကွေးမြို့ | ၅၀၀၀၀ |
| ၂၃၄၅။ | ဦးသိမ်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ သားသမီးများ | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၃၄၆။ | (ဗိုလ်မှူးကြီးဇော်မင်းထွန်း) နှင့်ဇနီး ဒေါ်စန္ဒာဝင်း(တွဲဖက်ပါမောက္ခ) | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၃၄၇။ | မိဘနှစ်ပါးအားအမှူးထား၍ (သမီး)ဒေါ်ထားထားဦး(ပညာရေး) (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | မိတ္ထီလာမြို့ | ၁၀၀၀၀၀၀ |
| ၂၃၄၈။ | ဦးသန်းလွင်နှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၂၃၄၉။ | ဦးကိုကိုအောင်နှင့်ဇနီး ဒေါ်ဆွေဇင်ထွန်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၃၅၀။ | ဦးကျော်မင်းသန်းနှင့်ဇနီး ဒေါ်ခင်မာဦး(သား)မောင်သာထူးစံမိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၂၃၅၁။ | ကွယ်လွန်သူ ဒေါ်သန်းမြင့်အား ရည်စူး၍ ဦးအုန်းရွှေမိသားစုကောင်းမှု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၃၅၂။ | ဦးလှမောင်နှင့်ဇနီး ဒေါ်သန်းတင်မောင်၊ ကိုနေလင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ပွင့်ဖြူမြို့ | ၁၀၀၀၀၀ |
| ၂၃၅၃။ | ဦးအောင်တင်ငွေနှင့်ဇနီး ဒေါ်စန်းငွေ၊ ဦးခင်အောင်+(ဒေါ်ညွန့်ကြည်)မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၃၅၄။ | ဦးစိုးဝင်း | နေပြည်တော် | ၁၀၀၀၀ |
| ၂၃၅၅။ | ဦးမောင်မြနှင့်ဇနီး ဒေါ်ပန် မိသားစု (ကြွေပြား-၁ ကျင်းလှူဒါန်း) | ပခုက္ကူမြို့ | ၂၀၀၀၀၀ |
| ၂၃၅၆။ | ဦးတင့်ဝေနှင့်ဇနီး ဒေါ်မာမာဦး မိသားစုကောင်းမှု | မန္တလေးမြို့ | ၅၅၀၀၀ |
| ၂၃၅၇။ | ဦးလွှမ်းမိုးနှင့်ဇနီး ဒေါ်ပြုံးစန္ဒာဝင်း မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၃၅၈။ | ဦးအောင်ကိုကိုနှင့်ဇနီး ဒေါ်စိုးစိုးစောနိုင်(သမီး)မမေမဒီကို၊ မဆုရတီကို(ရွှေမြန်မာမိသားစု) (ကြွေပြား-၁ ကျင်းလှူဒါန်း) | နေပြည်တော် | ၂၀၀၀၀၀ |

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက
## အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက၊
## နိုင်ငံတော် သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်

## သိက္ခာတော် (၇၈)ဝါ၊ သက်တော် (၉၈)နှစ်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မင်းလှမြို့၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်ကြီး သိက္ခာတော်(၇၈)ဝါ၊ သက်တော် (၉၈)နှစ်သည် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်) ၃-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) ၉-၅-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မင်းလှမြို့ (အထက) မြို့တွင်းအားကစားကွင်းကြီး၌ မန္တမအဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး**

# ဒေါ်မြစိန်(သရက်)

## အသက်(၉၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ် တို့၏မိခင် ဒေါ်မြစိန်သည် ၁-၅-၂၀၂၂ ရက်တွင် ကွယ်လွန် သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဒေါက်တာသန်းအောင်-ဒေါ်သောင်းမြ(ခ) ဒေါ်စုစု**
**တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး(ငြိမ်း)**
**ရန်ကုန်တိုင်းဒေသကြီး(ထွေ/အုပ်)**

---

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးတင့်လွင်(ခ) အမော

အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
ရာသက်ပန်အသင်းဝင်

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ်(၈/က)နေ ဒေါ်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်း ဦးတင့်လွင်(ခ)အမောသည် ၂၈-၄-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၆-ရပ်ကွက်၊ ၄၀-လမ်း၊ အမှတ်(၁၃၃/၁၃၅/၁၃၇)၊ ၄-လွှာ (A) ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်သူ ဦးစိန်လွင် [၁၂/ကတတ (နိုင်)၀၂၇၀၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon(IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP: 09- 5017044**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်၊ ယုဇန(၄)ခန်းတွဲ၊ (၁၀)ထပ်(ယုဇနကွန်ဒို)၊ အိမ်ရာစီမံကိန်းစုပေါင်းပိုင်အဆောက်အအုံ အမှတ်၊ တိုက်(C)၊ အခန်းအမှတ်(C-5)၊ ပဉ္စမထပ်(၅)လွှာ၊ ဧရိယာ(၁၃၅၀)စတုရန်းပေရှိ တိုက်ခန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးခင်မောင်ဝင်း [၉/မထလ(နိုင်)၁၀၈၅၇၅]အမည်ဖြင့် မှတ်သားတည်ရှိသည့် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခင်မောင်ဝင်းက တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ပြောဆိုသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း[၁၂/မဂဒ(နိုင်)၀၀၇၇၁၀]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၁)**
**အမှတ်-၂/၄၆(A)၊ သပြေခြံလမ်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၀၈၁၉၁**

---

## ဦးမြကျော် (ခ) ဦးကန်စွီလင်း

**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာ၊ ဈေးပိုင်းရပ်နေ (ဦးရွှေဝါ- ဒေါ်အုန်းပွင့်)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့ အမှတ်(၁၂၁)၊ အောင်မင်္ဂလာလမ်း၊ လေးလွှာ၊ ကျောက်မြောင်းနေ (ဒေါ်ခင်နွဲ့)၏ခင်ပွန်း၊ (ဦးအောင်ကျော်)-ဒေါ်စန်းဖြူ၊ ဦးမြင့်လွင်-ဒေါ်ရင်ရင်၊ ဒေါ်ဥမ္မာဝင်း၊ (ဒေါ်အေးအေးသန်း)၊ ဦးနိုင်အောင်တို့၏ ချစ်လှစွာသောဖခင် မြေးငါးယောက်တို့၏အဘိုးသည် ၄-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၂ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ ကျန်ရစ်သူမိသားစု

---

## ယိုဟုန်လျူန်း(ခ)ဦးအောင်ကျော် (တောင်ငူ)

**(ကိုအောင်ကျော်ပွဲရုံ၊ ဈေးလမ်း)**

**အသက်(၇၃)နှစ်**

တောင်ငူမြို့၊ (၇)လမ်း၊ အမှတ် (၁၄/၂၆၁)နေ (ဦးကေရာ-ဒေါ်မြင့်ရီ) တို့၏ သားကြီး၊ ရန်ကုန်မြို့၊ (၁၈)လမ်းနေ ဒေါ်အေးအေးရင်၏မောင်၊ ကညွတ်ကွင်းမြို့နေ ဒေါ်လှလှစန်း၊ ဒေါက်တာလှလှအေး (SSC ဆေးရုံ၊ ရန်ကုန်)၊ ကိုလင်းနိုင်-ဒေါ်နွယ်နွယ်အေး (၁၃ လမ်း၊ ရန်ကုန်)၊ ကိုညီညီ-ဒေါ်အေးသီတာ (နံ့ပါတ်-၁ လမ်း၊ တောင်ငူ)၊ ဦးခင်မောင်စိန်-ဒေါ်လီလီထွေး (သစ္စာလမ်း၊ တောင်ဥက္ကလာပ)၊ ဒေါ်အေးအေးခိုင် (၁၆ လမ်း၊ ရန်ကုန်) တို့၏အစ်ကို၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မဇာခြည်နွေး၊ မချိုဇင်လတ်၊ Dr. မျိုးဇော်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးအောင်ကျော်သည် ၃-၅-၂၀၂၂ ရက် ည ၈:၃၈ နာရီတွင် ရန်ကုန်မြို့ အာယုအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မိုးဝေလမ်း၊ မြေကွက်အမှတ် (ဒ-၃၀၈၈၈)၊ အကျယ်ပေ(၈၀x၈၀)၊ ဧရိယာ(၀.၁၄၆)ဧကရှိ ဦးလောရန် (ဘ) ဦးမောင်ကွက်(ခ)လောတွဲ [၉/မရမ(နိုင်)၀၇၈၂၁၉] အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးကောင်းဆက်(ဘ)ဦးမျိုးသိန်း [၇/ပခန(နိုင်)၃၂၅၉၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသဇင်ချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)**
**(ဒ-၂၄၁၄)၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၆၉၇၈၁၆၆၀၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၀)လမ်း(အထက်)၊ အမှတ်(၃၈၀-ခ)ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်၊ (၆)လွှာ၊ အကျယ်အဝန်း ပေ(၁၈x၅၅)ရှိ နေအိမ်တိုက်ခန်းနှင့် ယင်းနေအိမ်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအား လက်ရှိ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းဇော်မိုး [၁၂/ဥကတ(နိုင်)၀၃၅၇၆၇]၊ ဒေါ်မျိုးမျိုးဝင်း [၁၂/သလန(နိုင်)၀၈၅၂၆၉]၊ ဦးဝင်းဇော်အောင် [၁၂/သလန(နိုင်)၀၈၅၂၆၆]၊ ဒေါ်သက်စုဝင်း [၁၂/ဒဂတ(နိုင်)၀၆၆၀၆၆]၊ ဦးရန်မျိုးအောင် [၁၂/ဥကတ(နိုင်)၁၆၄၀၉၀]နှင့် ဦးသက်ကိုကို [၁၂/ဥကတ(နိုင်)၁၆၃၂၅၁] ကိုင်ဆောင်ထားသူများ (၆)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိသဉ္ဇာမွန် [၁၂/တမန(နိုင်) ၁၀၇၄၄၇]ကိုင်ဆောင်ထားသူက တရားဝင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၇၈)**
**အမှတ်(၉-၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၂၃၅၆၆၈**

---

# ဦးညွန့်ဖေ

**ရေကျော်မက်သဒစ် (အ.ထ.က-၃၊ ဗိုလ်တထောင်)**

## အသက်(၈၂)နှစ်

အမှတ်(၁၅၀)၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအောင်ထွန်း-ဒေါ်သောင်းညွန့်)တို့၏သား၊ သုံးခွမြို့နေ (ဦးစိန်လှအောင်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်အောင်(ခ)မတူး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇေယျာမြင့်ဦး-ဒေါ်ကေသွယ်ညွန့်၊ ဦးဇွန်ငယ်အောင်-ဒေါ်သန္တာညွန့်၊ ဒေါ်သဥ္ဇာညွန့်၊ ဦးရွှေညွန့်အောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဘုန်းမြတ်၊ မထူးဝတီဇွန် တို့၏ ချစ်လှစွာသောအဘိုးသည် ၃-၅-၂၀၂၂ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ဦးစိန်ဖြူ(ခ) ဒေါ်စိန်ဖြူ(သန်လျင်မြို့)

**အသက်(၈၀)**

စစ်တွေမြို့၊ အနောက်စံပြရပ်နေ (ဦးထွေးအောင်-ဒေါ်မေနု)တို့၏ သမီးကြီး၊ မွေးချင်းမောင်နှမ ခုနစ်ယောက်တို့၏အစ်မကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်နေ (ဦးဘသိန်း)၏ဇနီး၊ ဦးချစ်ဆွေ- ဒေါ်သန်းသန်းဆွေ၊ ဦးဝင်းကိုကို-ဒေါ်နီနီဝင်း၊ ဦးဟိန်းသန့်-ဒေါ်နွယ်နီကိုလေးတို့၏ မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ် သုံးယောက်တို့၏အဘွား ဒေါ်ဦးစိန်ဖြူ(ခ)ဒေါ်စိန်ဖြူသည် ၄-၅-၂၀၂၂ ရက် နံနက် ၄:၃၀ နာရီတွင် (ထ/၂၀)၊ ဗိုလ်မင်းရောင်လမ်း၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ သန်လျင်မြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ မိခင်ကြီးအားရည်စူး၍ ၁၀-၅-၂၀၂၂ ရက် နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကပ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူသားသမီးတစ်စု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၂၉၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ ပါမစ်မြေကွက်သည် ဦးညွန့်မောင်(AB-၀၇၁၀၆၅) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသည့် ခေါင်းရင်းခြမ်း ပေ(၂၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၆/က)၊ နတ်မောက်(၇)လမ်း၊ (၁၈/E) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၎င်းအမည်ပေါက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ချစ်ပုံ[၁၂/သဃက(နိုင်)၁၀၇၆၈၈]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့၍ ဝယ်ယူပိုင်ဆိုင်သည့် ဦးကျော်မိုး[၁၂/အစန(နိုင်)၀၅၁၅၉၄]မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးအောင် [၉/တသန(နိုင်)၁၀၅၄၃၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**လင်းသန့်-အိမ်ခြံမြေဥပဒေအကြံပေး**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

ကွန်ပျူတာကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို ပိတ်ပါ။

Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်စားမှု ရှိနေသည်ကို သတိပြုစေလိုပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅)နှစ်ပြည့်မြောက်မှာဖြစ်တယ်။ အခုလို စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေး အဓွန့်ရှည်ကြာတည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတယ်။**

**ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အုပ်ချုပ်မှုယန္တရားရပ်တန့်၍ တည်ဆဲအစိုးရပြုတ်ကျရန် ကြိုးပမ်းမှုမအောင်မြင်သောအခါ ဖွဲ့စည်းမှုခိုင်မာသောတပ်မတော်ကို ဖြိုခွဲရန်ကြိုးစားလာသော်လည်း အချည်းနှီးသာဖြစ်ခဲ့

## သွေးခွဲမှုများ လုပ်ဆောင်လာနိုင်ခြင်းကြောင့် သတိရှိရှိဖြင့် သွေးစည်းညီညွတ်နေရန်လို

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့တွင် မော်လမြိုင်တပ်နယ်နှင့် ထားဝယ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ မေ ၆ ရက်တွင် စတင်ကျင်းပမည်




မြန်မာ့လက်ရွေးစင် ကစားသမားများ လေ့ကျင့်နေစဉ်။

ရန်ကုန် မေ ၄

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဘရူနိုင်းနိုင်ငံမှလွဲ၍ ကျန်အရှေ့တောင်အာရှ ၁၀ နိုင်ငံစလုံး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ ပြုလုပ်သွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် လက်ရှိ

စာမျက်နှာ ၂၁ ကော်လံ ၁ ■

**ယနေ့ ဖတ်စရာ**

**ရန်ကုန်မြို့ သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်လျက်ရှိ** စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၄ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၁၇

**ဗီလာရီးယဲလ်ကို နှစ်ကျော့ပေါင်း ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး လီဗာပူးအသင်း ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်း** စာမျက်နှာ » ၂၁